ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ဝါဆိုလပြည့်၊ ဗုဒ္ဓဟူးနေ့၊ (20-7-2005) (၄၆၆၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပဲခူးတိုင်းတစ်တိုင်းလုံးအနေဖြင့် ၂၀၀၅-၂၀၀၆ခုနှစ်တွင် မိုးစပါးဧက ၂၈ သိန်း စိုက်ပျိုးကြမည်
ပဲခူးတိုင်း(အနောက်ပိုင်း)အနေဖြင့် ဧက ၁၂ သိန်းထက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးရန်လို
သီးနှံပုံစံနှင့်အညီ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး အောက်ခြေအထိဆင်းပြီးကြပ်မတ်ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၁၉

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်လှိုင်တို့နှင့်အတူ ဇူလိုင် ၁၆ရက် နံနက်ပိုင်းတွင် အမ်းတပ်နယ်ခန်းမ၌ အမ်းတပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို
မွန်ပြည်နယ် သထုံခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါ၍ ဇူလိုင် ၁၇ရက် နံနက် ၈နာရီခွဲတွင် သထုံမြို့ သုဝဏ္ဏရိပ်သာသို့ရောက်ရှိရာ သထုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသော်ဇင်နှင့် အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် သထုံမြို့ သုဝဏ္ဏရိပ်သာ၌ သထုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသော်ဇင်နှင့် အဖွဲ့ဝင်များအား တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် သထုံမြို့ ပုဗ္ဗာရုံကျောင်းတိုက်သို့ရောက်ရှိပြီး ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

မိုးစပါး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် သထုံမြို့ ဇရစ်ချောင်းကျေးရွာ စံပြစိုက်ကွင်း၌ မိုးစပါးစိုက်ပျိုးနေမှုကို

စာမျက်နှာ ၃ ကော်လံ ၃ သို့ ✪

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ပဲခူးတိုင်း(အနောက်ပိုင်း) စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေးဆိုင်ရာများ ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀)ဖြစ်သည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

20-7)internet 1 7/20/05, 12:04 AM

ကြေးမုံ The Mirror

၂၀-၇-၂၀၀၅
(ဗုဒ္ဓဟူးနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားများ ပွားများအားထုတ်

မြန်မာတို့၏ တစ်ဆယ့်နှစ်လရာသီတွင် ဝါဆိုလသည် ထူးကဲမွန်မြတ်လှသည့်လဖြစ်သည်။ မြတ်ဗုဒ္ဓဘုရားရှင်သည် ဝါဆိုလပြည့်နေ့တွင် အရှေ့အရပ်၌ လပြည့်ဝန်းထွက်ပြူစ၊ အနောက်အရပ်၌ နေခြည်ဝန်းက ဝင်ခါစ နေနှင့်လ နှစ်ပါး အပြိုင် ငွေရည်၊ ရွှေရည်တို့ဖြင့် သွန်းအပ်သော ညနေဆည်းဆာအချိန်အခါသမယ၌ ပဥ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားဦးကို စတင်ဟောကြားတော်မူခဲ့သည်။

ဓမ္မစကြာတရားတော်သည် သာသနာဆိုင်ရာ အသိပညာ၏ မူလပဓာနဖြစ်ပြီး ဆင်းရဲခြင်းဒုက္ခအပေါင်း၏ ချုပ်ငြိမ်းရာအမှန်မြတ်နိဗ္ဗာန်သို့ ရောက်ရှိနိုင်ကြောင်းလမ်းကို ညွှန်ပြထားသည်။

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ဓမ္မစကြာတရားဦးကို ဟောကြားရာတွင် ကျင့်စဉ်နှင့်စပ်လျဉ်း၍ ရှေးဦးစွာ ဟောကြားတော်မူရာ၌ ကာမသုခလ္လိကာနုယောဂခေါ် ကာမဂုဏ်အာရုံတို့၌ တွယ်တာကပ်ငြိလျက်ကျင့်သော တစ်ဖက်စွန်းကျင့်စဉ်နှင့် အတ္တကိလမထာနုယောဂ ခေါ် မိမိကိုယ်မိမိ ပင်ပန်းစွာနှိပ်စက်အားထုတ်လျက်ကျင့်သော တစ်ဖက်စွန်းကျင့်စဉ်တို့သည် သံသရာမှလွတ်မြောက်ကြောင်း မဟုတ်သော အစွန်းတရားကျင့်စဉ်နှစ်ပါးဖြစ်ကြောင်း ပြဆိုတော်မူခဲ့သည်။

ဗုဒ္ဓရှင်တော်မြတ်ဘုရားက မဇ္ဈိမပဋိပဒါခေါ် အလယ်အလတ်ကျင့်စဉ်သည်သာလျှင် ဉာဏ်မျက်စိကို ပွင့်စေသော၊ ထိုးထွင်းဉာဏ်ထူးကို ရရှိစေသော၊ နိဗ္ဗာန်ကိုလည်း မျက်မှောက်ပြုနိုင်သော ကျင့်စဉ်ဖြစ်ကြောင်း ဟောကြားတော်မူသည်။

ထို့နောက် ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် သစ္စာလေးပါးမြတ်တရားကို ခွဲခြားပြသပြီး သတ္တဝါတို့ အမှန်တကယ် ကျင့်ကြံအားထုတ်ရမည့် မဂ္ဂသစ္စာခေါ် ကျင့်စဉ်အမှန် မဂ္ဂင်ရှစ်ပါးတရားကို ဖွင့်ထုတ်ဟောကြားတော်မူသည်။

မဂ္ဂင်ရှစ်ပါးတရားသည် လူသားတို့၏ ပစ္စုပ္ပန်နှင့်သံသရာနှစ်ဖြာသော အကျိုးကျေးဇူးများကိုပြုစေနိုင်သောကြောင့် ဗုဒ္ဓရှင်တော်မြတ်ဘုရားက ဓမ္မစကြာတရားတော်တွင် မဂ္ဂင်ရှစ်ပါးကို အဓိကထား၍ ဟောကြားတော်မူခြင်းဖြစ်ပေသည်။

ထို့ပြင်ဝါဆိုလပြည့်နေ့သည် ရဟန်းတော်များ ပြင်ပခရီး ညအိပ်ညနေမထွက်ဘဲ ကျောင်းတွင်း၌ပင် ပရိယတ်၊ ပဋိပတ်တရားများ ပွားများအားထုတ်နိုင်ကြစေရန် ဝါဆိုဝါကပ်ခြင်းကို ပညတ်တော်မူသောနေ့လည်းဖြစ်ပေသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်များသည် နေ့ထူးနေ့မြတ် ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့တွင် သံဃာတော်အရှင်သူမြတ်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ဘုရားပုထိုး၊ ကျောင်းကန်များ၌ ဝါဆိုပန်းကပ်လှူခြင်း၊ ဥပုသ်သီလဆောက်တည်ကြခြင်း၊ တရားဓမ္မများ နာယူခြင်းစသည့် ကောင်းမှုကုသိုလ်များ ပြုလုပ်ကြသည်။

ဘာသာရေးဝတ်အသင်းအဖွဲ့များကလည်း ဗုဒ္ဓမြတ်စွာဘုရား၏ ဂုဏ်တော်၊ ကျေးဇူးတော်များကို ရည်မှန်းအာရုံပြုပြီး ဓမ္မစကြာတရားတော်ကို ရွတ်ဖတ်ပူဇော်ကြသည်။

သို့ဖြစ်ရာ ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့တွင် ဗုဒ္ဓဘာသာဝင် ပြည်သူများအနေဖြင့် ပစ္စုပ္ပန်နှင့်သံသရာနှစ်ဖြာသော အကျိုးအတွက် အစွန်းတရားနှစ်ပါးကို ရှောင်ကြဉ်လျက် မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားများကို အလေးထားကျင့်ကြံအားထုတ်ကြပြီး ဒါန၊ သီလ၊ဘာဝနာတရားများ ဆက်လက်ပွားများသွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ဝါတွင်းတရားသင်တန်း

ရန်ကုန် ဇူလိုင် ၁၉

တောင်ဥက္ကလာပမြို့နယ် အမှတ် (၆) ရပ်ကွက် ၁၂လမ်း သာသနရက္ခိတ ဓမ္မာရုံတွင် မဟာစန္ဒာရုံကျောင်းတိုက် ပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစန္ဒြောဘာသ (LL.B)ဆရာတော်က ဝါတွင်းသုံးလ၊ လပြည့်၊ လကွယ်နေ့တိုင်း မွန်းလွဲ ၂ နာရီတွင် ပဋိစ္စသမုပ္ပာဒ်သင်တန်းပို့ချမည်ဖြစ်သည်။

(က-ပ)

သုတဘာဏ် စာတမ်းဖတ်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၉

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့က သုတဘာဏ်စာတမ်းဖတ်ပွဲများကို ကျင်းပလျက်ရှိရာ သုတဘာဏ်စာတမ်းဖတ်ပွဲကို ဇူလိုင် ၂၃ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ အမှတ်(၅၂၉) ကုန်သည်လမ်း စာပေဗိမာန် အဆောက်အအုံ ဒုတိယထပ်ရှိ ဟောပြောပွဲခန်းမဆောင်၌ ဆရာမကြီးဒေါ်ကြန် (မကြန်) က "ကျမ်းသုတေသနပြုခြင်း" စာတမ်းနှင့် ဒေါက်တာမြင့်လှိုင်က "မြန်မာမှ အင်္ဂလိပ်ဘာသာပြန်"စာတမ်းများကို ဖတ်ကြားမည်ဖြစ်ရာ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြသည်။ (သတင်းစဉ်)

၂၀၀၅ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၉

၂၀၀၅ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် မြန်မာနိုင်ငံ ကာယဗလနှင့်ကာယအလှအဖွဲ့ချုပ်နှင့် M.G.S Beverages Co., Lld. တို့ ပူးပေါင်းကျင်းပသည့် MR &MS QUENCH ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲကို ဇူလိုင် ၁၇ရက်မွန်းတည့် ၁၂ နာရီတွင် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် မြန်မာ့အားကစားအောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက်အားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။

ပြိုင်ပွဲတွင် ၅၀နှစ်နှင့် အထက်သက်ကြီးတန်း မောင်ပြိုင်ပွဲ၌ ၁၄ဦး၊ ၂၁နှစ်နှင့် အောက် အငယ်တန်းမောင်ပြိုင်ပွဲ၌ ၁၄ဦး၊ အကြီးတန်းအိုလံပစ်မောင်ပြိုင်ပွဲ၌ ၁၁ဦး၊ ၂၁နှစ်နှင့်အောက်အငယ်တန်းမယ်ပြိုင်ပွဲ၌ ခုနစ်ဦးနှင့် အကြီးတန်းအိုလံပစ်မယ်ပြိုင်ပွဲ၌ ခြောက်ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲများအလိုက် အကြိုဗိုလ်လုပွဲများကို စတင်ကျင်းပသည်။

ထို့နောက် မယ်မြန်မာအမျိုးသမီးကလေးများက နှစ်သက်ရာ ပြည်တွင်းဖြစ် ဝတ်စုံများဖြင့် ဝတ်ဆင်ကာ စိတ်ကြိုက်သရုပ်ပြသကြသည်။

ဆက်လက်၍ ၅၀နှစ်နှင့် အထက်သက်ကြီးတန်းမောင်ဗိုလ်လုပွဲ၊ ၂၁နှစ်နှင့်အောက် အငယ်တန်းမောင် ဗိုလ်လုပွဲ၊ ၂၁နှစ်နှင့်အောက် အငယ်တန်းမယ်ဗိုလ်လုပွဲနှင့် အကြီးတန်း အိုလံပစ်မယ်ဗိုလ်လုပွဲများကို ကျင်းပသည်။

ယင်းနောက် မယ်မြန်မာ အမျိုးသမီးကလေးများက သတ်မှတ်ဝတ်စုံများဖြင့် ဝတ်ဆင်ကာ စိတ်ကြိုက်သရုပ်ပြသကြပြီးနောက် အကြီးတန်းအိုလံပစ်မောင်ဗိုလ်လုပွဲကို ကျင်းပသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တစ်သက်တာကြံ့ခိုင်မှု ဂုဏ်ပြုဆုရ ဦးဘသိန်း၊ ဦးမြသိန်းနှင့် ဒေါ်ဖြူဖြူတို့အား မြန်မာနိုင်ငံကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးတင်စိုးက လည်းကောင်း၊ ၅၀နှစ်နှင့်အထက် သက်ကြီးတန်းမောင်ပြိုင်ပွဲတွင် ပထမ ဦးခွန်ကံမောင်မောင်၊ ဒုတိယ ဦးသန်းဦး၊ တတိယဦးစောဘိုကဲနှင့် အထူးဆုရရှိသူများ အား M.G.S Beverages Co., Ltd.မှ မန်နေဂျင်း ဒါရိုက်တာ ဦးသန့်ဇင်ထွန်းက လည်းကောင်း၊ ၂၁နှစ်နှင့်အောက် အငယ်တန်းမောင် (MR. QUENCH)ပြိုင်ပွဲတွင် ပထမ အောင်ချမ်းလင်း၊ ဒုတိယ စံကျော်စွာထူး၊ တတိယ ဇော်မြင့်ဌေးနှင့် အထူးဆုရရှိသူများအား မြန်မာ့အားကစားအောင်နိုင်ရေး ကော်မတီဥက္ကဋ္ဌ၊ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက လည်းကောင်း၊ အကြီးတန်းအိုလံပစ်မောင် (MR. QUENCH) ပြိုင်ပွဲတွင် ပထမမင်းဇော်ဦး၊ ဒုတိယဇော်ဝမ်း၊ တတိယ စိုးမိုးအောင်နှင့် အထူးဆုရရှိသူများအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က လည်းကောင်း၊ ၂၁နှစ်နှင့်အောက် အငယ်တန်းမယ် (MS. QUENCH)ပြိုင်ပွဲတွင် ပထမ သီရိမေ၊ ဒုတိယ မေသဥ္ဇာကျော်၊ တတိယ ဟေမာစိုးဝင်းနှင့် အထူးဆုရရှိသူများနှင့် အကြီးတန်းအိုလံပစ်မယ် (MS. QUENCH) ပြိုင်ပွဲတွင် ပထမ ဆွေဆွေဝင်း၊ ဒုတိယ ဇာခြည်တင်မောင်၊ တတိယ ကေသီဦးနှင့် အထူးဆုရရှိသူများအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် နာယက ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်ကလည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၁၉

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အငြိမ်းစား ပုညကုသလအသင်း ဇေကာဒသမ အကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ရဲဓမ္မာရုံ၌ ဇူလိုင် ၂၄ရက်(တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် သံဃာတော် ၁၀ပါးအား ဝါဆိုသင်္ကန်းနှင့် နဝကမ္မဝတ္ထု ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါ၍ ကြွရောက်လှူဒါန်းကုသိုလ်ယူ ပါဝင်နိုင်ရန် ဖိတ်ကြားထားသည်။ (က-ပ)

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် (၉၂)လမ်း အမှတ် (၈၆) နေ နှစ်ဖက်သောမိဘများကို အမှူးထား၍ ဦးတင်မောင်ကျော်-ဒေါ်မေခိုင်ဦး၊ သမီး ခင်ရူပါမောင်၊ သား ပြေသာကျော် မိသားစုတို့က ဒဂုံမြို့နယ် အမှတ် ၁၂ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး တိပိဋက ကျောင်းတော်၏ တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် အလှူငွေကျပ် ငါးသိန်းကို တိပိဋကဓရဆရာတော် ဘဒ္ဒန္တကုဏ္ဍာစရိယထံ အနုမောဒနာ နာယူပြီး ရေစက်ချ၍ တိ=နိ(ရန်ကုန်ဌာန)ဥက္ကဋ္ဌ သီဟသုဓမ္မဏိဇောတဓရ ဆင်မင်း ဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လှိုင်မြို့နယ်ရုံး၏ နယ်လှည့်စာကြည့်တိုက် ဓာတ်ပုံပြပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့်ဟောပြောပွဲ ဖွင့်ပွဲအခမ်းအနားကို လှိုင်မြို့နယ် အမှတ်(၁)ရပ်ကွက် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဇွန် ၂၇ ရက်က ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင် ဦးစီးမှူး ဦးတင်ကိုနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးခင်မောင်အေးတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀-၇-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၀ ၆။ မျိုးချစ်တပ်မတော်
- ၄:၄၀ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၄:၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၀၀ ၉။ **အဝေးသင်တက္ကသိုလ် ပညာရေးပို့ချမှုအစီအစဉ် - ဗုဒ္ဓသာသနာသမိုင်းမှတ်တိုင်သုံးခု (ဒုတိယနှစ်-အရှေ့တိုင်းပညာ)**
- ၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၀ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အချစ်စစ်တို့ရဲ့ သစ္စာနယ်မြေ" (အပိုင်း-၄)**
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ ဗွီစီဒီ ကျော်ကြားတေးများ
- ၂၁။ **အရှင်ဇနကာဘိဝံသထေရုပ္ပတ္တိ - တောင်သမံအင်းဇောင်း တုံးမောင်းသံ**
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်သူ သူရဲကောင်း"(အပိုင်း-၃၀)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

ဖြူးဆရာတော် တရားဟောကြားမည်

ရန်ကုန် ဇူလိုင် ၁၉

ဘဒ္ဒန္တ နရပတိ(ဓမ္မကထိက ဗဟုဇနဟိတဓရ သာသနဓဇဓမ္မာစရိယ) ဖြူးဆရာတော်အရှင်သူမြတ်သည် ရန်ကုန်မြို့ လှိုင်မြို့နယ် (၅)ရပ်ကွက်၊ ကမာရွတ် ဘူတာအနီး ဓမ္မရက္ခိတ ဖြူးမဟာစည် သာသနာ့ရိပ်သာအတွင်းရှိ ဓမ္မရက္ခိတ လေးထပ်သာသနာ့ဗိမာန်တော်၌ ၁၃၆၇ ခုနှစ် ဝါဆိုလပြည့်၊ ဓမ္မစကြာအခါတော်နေ့ မွန်းလွဲ ၂နာရီတွင် မဟာစည်သတိပဋ္ဌာန် ဝိပဿနာတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို စစ်တောင်းတံတား (မုပ္ပလင်) တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

☆ ပဲခူးတိုင်းမှ

တွေ့ဆုံပွဲတွင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေး၊ မိသားစုဝင်များ၏ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် သက်သာချောင်ချိရေးလိုအပ်ချက်များကို တာဝန်ရှိသူ အဆင့်ဆင့်တို့က ဖြည့်ဆည်း ဆောင်ရွက်ပေးရေး၊ အမ်းမြို့ ဖွံ့ဖြိုးတိုးတက် စည်ပင်သာယာလှပရေးအတွက် ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ရေး မှာကြားပြီး တပ်မတော်သားများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ရော်ဘာစိုက်ခင်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်ဘက်စုံ စိုက်ပျိုးမွေးမြူရေးခြံသို့ ရောက်ရှိပြီး အဆိုပါခြံ၌ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းက တာဝန်ယူဆောင်ရွက်ပေးနေသော အဖူးဆက်နည်းဖြင့် ပျိုးထောင် စိုက်ပျိုးထားသည့် PB-260, PB-235, PB-311 နှင့် PR-255 အမျိုးအစား ရော်ဘာပျိုးပင် ၈၀၀၀ စိုက်ခင်းကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မင်းဘူး-အမ်းကားလမ်း တစ်လျှောက်ရှိ လမ်းများ၏ ကောင်းမွန်မှုအခြေအနေကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မင်းဘူး-အမ်းကားလမ်း မိုင်တိုင်အမှတ်(၆၄/၇)ကြက်ရေစမ်းရှေ့တန်းစခန်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဖောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၃)၏ ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ အင်ဂျင်နီယာမှူး ဦးဘစောက မင်းဘူး-အမ်းလမ်း မိုင်တိုင်အမှတ်(၆၁/၀)မှ မိုင်တိုင်အမှတ်(၈၈/၀)အထိ လမ်းအရှည် ၂၇မိုင်၊ လမ်းအကျယ် ၁၂ပေကို ကတ္တရာထပ်ပိုးလွှာတင်၍ ရေပိတ်လွှာလောင်းခြင်းလုပ်ငန်း၊လမ်း အနိမ့်အမြင့်ညှိခြင်း၊ ကတ္တရာ ရေပိတ်လွှာလောင်းခြင်းလုပ်ငန်း၊ ကျောက်ကတ္တရာဖြင့် လမ်းပေါက်များ ဖာထေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို လည်းကောင်း၊ အင်ဂျင်နီယာမှူး ဦးအုန်းလွင်ကမိုင်တိုင်အမှတ်(၈၈/၀)မှ မိုင်တိုင်အမှတ်(၉၅/၀)အထိ လမ်းအရှည် ခုနစ်မိုင်၊ လမ်းအကျယ် ၁၂ပေကို လမ်းပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဒေသခံပြည်သူများအတွက် ရာသီမရွေး ခရီးသွားလာမှု လွယ်ကူချောမွေ့စေရေး၊ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်နိုင်ရေးအတွက် လုပ်ငန်းစီမံချက်နှင့်အညီ အချိန်မီ ပြုပြင်ပြီးစီးနိုင်ရေး၊ မိုးရာသီအတွင်း ယာဉ်များသွားလာမှု ကောင်းမွန်မှန်ကန်ရေး ကြိုးပမ်းဆောင်ရွက်ရန် တာဝန်ရှိသူများအားမှာကြားပြီး လုပ်ငန်း လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် နံနက် ၁၀နာရီ မိနစ် ၅၀တွင် ရခိုင်ပြည်နယ်နှင့် မကွေးတိုင်း မင်းဘူး-အမ်းကားလမ်း မိုင်တိုင်အမှတ် (၆၀/၆)သို့ ရောက်ရှိကြရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီးနောက် ဆက်လက်ထွက်ခွာလာကြရာ ပြည်မြို့သို့ရောက်ရှိ ညအိပ်ရပ်နားကြသည်။

တွေ့ဆုံမှာကြား

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဇူလိုင် ၁၇ရက် နံနက်ပိုင်းတွင် ပြည်မြို့ရှိ ခေတ္တရာရိပ်သာ၌ ပဲခူးတိုင်း (အနောက်ပိုင်း) စိုက်ပျိုးရေး ညှိနှိုင်းမှု အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေးဆိုင်ရာများကို ဆွေးနွေး မှာကြားသည်။

တွေ့ဆုံပွဲတွင် ပဲခူးတိုင်း(အနောက်ပိုင်း) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယ အထွေထွေမန်နေဂျာ ဦးစန်းမောင်က ၂၀၀၅-၂၀၀၆ခုနှစ် ပဲခူးတိုင်း(အနောက်ပိုင်း)ရှိ ဆည်နှင့်ရေလှောင်တမံ ၁၆ခု၊ ရေထိန်း တံခါးနှင့် လျှပ်စစ်မြစ်ရေတင် လုပ်ငန်းတို့က စိုက်ပျိုးရေပေးဝေနိုင်မည့် အခြေအနေ၊ ပြည်ခရိုင်အတွင်းရှိ မြို့နယ်ငါးမြို့နယ်နှင့် သာယာဝတီခရိုင်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်တို့တွင် ဆည်ရေဖြင့် အကျိုးပြုနိုင်မည့် ဧက၊ မြေအမျိုးအစားနှင့် တောင်သူများအတွက် အကျိုးအရှိဆုံး သီးနှံပုံစံဖြင့် စိုက်ပျိုးမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

မိုးစပါးဧက ၂၈သိန်း

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ပဲခူးတိုင်း တစ်တိုင်းလုံး အနေဖြင့် ၂၀၀၅-၂၀၀၆ခုနှစ်တွင် မိုးစပါးဧက ၂၈သိန်း စိုက်ပျိုးကြမည်ဖြစ်ရာ ပဲခူးတိုင်း (အနောက်ပိုင်း) အနေဖြင့် ဧက ၁၂သိန်းထက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးရန်လိုကြောင်း၊ နွေစပါးကိုလည်း လျာထားချက်နှင့်အညီ ဧကနှစ်သိန်းအထိ တိုးတက် စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ ယခုတင်ပြသည့် ဆည်၊ ရေထိန်းတံခါး၊ မြစ်ရေတင် လုပ်ငန်းအလိုက် စိုက်ပျိုးမည့် သီးနှံပုံစံနှင့်အညီ လျာထားချက် ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က အောက်ခြေအထိဆင်းပြီး ကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ပြည်မြို့မှ ဆက်လက်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

✪ ရွှေဘိုမှ

ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်အတူ လယ်မြေအတွင်းသို့ ငါးခုံမနှင့် တီလားဗီးယားငါးသားပေါက်ကောင်ရေ ၃၀၀၀ကို ငါးမျိုးစိုက်ထည့်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ စပါးစိုက်ပျိုးရေးလုပ်ငန်းကို တိုးချဲ့ဆောင်ရွက်ရေးနှင့် သီးထပ်စိုက်ပျိုးရေး အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

ရွှေရောင်ပြရော်ဘာ

ထိုမှတစ်ဆင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့်အဖွဲ့ဝင်များသည် ဘီးလင်းမြို့နယ် အစင်ကြီးကျေးရွာရှိ မက်စ်မြန်မာကုမ္ပဏီ၏ ရွှေရောင်ပြရော်ဘာဧက ၅၀၀၀စိုက်ပျိုးရေး စီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ မက်စ်မြန်မာကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဇော်က ရော်ဘာဧက ၅၀၀၀ စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိပြီး ၂၀၀၄-၂၀၀၅ခုနှစ်တွင် ၁၁၁၆ဧက စိုက်ပျိုးဆောင်ရွက်ပြီးဖြစ်ကြောင်းနှင့် ရော်ဘာပင်ကြား၌ တောင်ယာစပါးဧက ၃၀နှင့် မြေပဲဧက ၃၀ကိုလည်း သီးညှပ်အဖြစ် စိုက်ပျိုးထားရှိမှု၊ ရော်ဘာခြံတွင် ရော်ဘာမျိုး ၁၁မျိုးကို ကိုင်းကူး ထုတ်လုပ်စိုက်ပျိုးမှု၊ ဖူးဆက်ငုတ်မှ ထုတ်လုပ်စိုက်ပျိုးမှုနှင့် ရော်ဘာမျိုးဝယ်ယူ ဖြည့်တင်းစိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်တို့သည် ရော်ဘာစိုက်ကွက်တွင် PRIM ၆၀၀ ရော်ဘာပျိုးပင်များကို အမှတ်တရ စိုက်ပျိုးပေးကြပြီး ရော်ဘာခြံအတွင်း မော်တော်ယာဉ်များဖြင့် ရော်ဘာပျိုးခင်း၊ ရော်ဘာစိုက်ခင်း၊ ကုန်ထုတ်လမ်းများနှင့်ရော်ဘာ စိုက်ပျိုးထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ရွှေရောင်ပြရော်ဘာစိုက်ခင်း၌ ရော်ဘာပင်များ မြေသြဇာ လက်တွေ့ထည့်သွင်းမှုကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဘီးလင်းမြို့သို့ ရောက်ရှိကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များအားတွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေး၊ ဒေသဝမ်းစာ ဖူလုံပိုလျှံစေရေးအတွက် မိုးစပါးနှင့် နွေစပါးကို စိုက်ပျိုးဧက တိုးချဲ့စိုက်ပျိုးရေးတို့နှင့်စပ်လျဉ်း၍ အကျယ်တဝင့် ဆွေးနွေးမှာကြားပြီး မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ စစ်တောင်းတံတား (မုပ္ပလင်)တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိပြီး တံတား တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ဘိုးပိုင်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တံတားတည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်း အင်ဂျင်နီယာမှူး ဦးကျော်လင်းက တံတားရေလယ်တိုင် ဘိုးပိုင်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက တံတားကြီးကို သတ်မှတ်ကာလအတွင်း သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်ရေးမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အဆိုပါ စစ်တောင်းတံတား(မုပ္ပလင်)သည် ပင်မတံတားအရှည် ၁၃၆၅ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၈ပေနှင့် တစ်ဖက်လျှင် ခြောက်ပေစီအကျယ်ရှိ လူသွားလမ်းတို့ပါရှိပြီး ကျိုက်ထိုဘက်ကမ်း ချဉ်းကပ် တံတားအရှည် ၂၄၃ ဒသမ ၆ပေနှင့် ဝေါဘက်ကမ်းချဉ်းကပ်တံတား အရှည် ၇၈၄ ဒသမ ၁ပေ ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ဝါးခယ်မအထက(၁)ရာပြည့်ပွဲတော်ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၉

ဝါးခယ်မ အထက(၁) ရာပြည့်ပွဲတော်ကို ဒီဇင်ဘာတွင်ကျင်းပမည်ဖြစ်ရာ ရာပြည့်အထိမ်းအမှတ်အဖြစ် ဆရာကြီး၊ ဆရာမကြီး ၁၀၀တို့အား ပူဇော်ကန်တော့ခြင်း၊ ရာပြည့်ငွေပဒေသာပင်စိုက်ထူခြင်း၊ ပြခန်းခင်းကျင်းပြသခြင်း၊ ပြက္ခဒိန်နှင့်စာစောင်ထုတ်ဝေခြင်း၊ ရာပြည့်ကျောင်းအဆောင်နှင့် နှစ်ငါးဆယ်ပြည့်ကျောင်းအဆောင်များ ပြင်ဆင်မွမ်းမံခြင်း၊ ကျောင်းဝန်းကျင် ပတ်လမ်းများ ကွန်ကရစ်ခင်းခြင်းနှင့် ကွန်ကရစ်ရေမြောင်းများပြင်ဆင်ခြင်း၊ သောက်ရေသန့်ရရှိရေးဆောင်ရွက်ခြင်း၊ ကျောင်းစာကြည့်တိုက်အဆင့်မြှင့်တင်ခြင်း၊ ဖျော်ဖြေရေးအစီအစဉ်များ တင်ဆက်ခြင်းများဖြင့် ကျင်းပမည်ဖြစ်သည်။

ရန်ကုန်ရောက် ကျောင်းသူ၊ ကျောင်းသားဟောင်းများ၊ မြို့နယ်အသင်းဝင်များသည် ဇူလိုင် ၂၄ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ဝါးခယ်မမြို့နယ်အသင်း (ရန်ကုန်) အမှတ် (၁၂) စဥ့်အိုးတန်းလမ်း၊ လသာမြို့နယ်၌ ကျင်းပမည့် ရာပြည့်ပွဲတော်ဖြစ်မြောက်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြရန်နှင့် အထက(၁) သမိုင်းဝင် မှတ်တမ်းဓာတ်ပုံများအသင်းတိုက် ဖုန်း-၂၂၆၅၉၀သို့ ဆက်သွယ်ငှားရမ်းလှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အဘိဓမ္မာပြန့်ပွားရေးအသင်း ဝါတွင်းတရားပွဲများ

ရန်ကုန် ဇူလိုင် ၁၉

ဆူးလေစေတီတော်ရှိ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ သင်တန်းခန်းမတွင် ဝါတွင်းဥပုသ်နေ့တိုင်း တရားပွဲများကို အပတ်စဉ်ကျင်းပသွားမည်ဖြစ်ရာ ဇူလိုင် ၂၀ရက် မွန်းလွဲ ၁၂နာရီခွဲတွင် ယောဆရာတော် အရှင်သိရိန္ဒာဘိဝံသ၊ ဇူလိုင် ၂၈ရက် မွန်းလွဲ ၁နာရီတွင် မဟာသိမ်တော်ကြီး ဆရာတော် ဘဒ္ဒန္တကုမာရ၊ ဩဂုတ် ၄ရက် မွန်းလွဲ ၁နာရီတွင် စွန်းလွန်းဂူဝိပဿနာကျောင်းတိုက် ပဓာန နာယက ဆရာတော် တိပိဋကကောဝိဒအရှင်သုန္ဒရ၊ ဩဂုတ် ၁၂ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်တိုင်း သံဃာ့ဝန်ဆောင် စာချဆရာတော် အရှင်သုစိတ္တ၊ ဩဂုတ် ၁၉ရက် မွန်းလွဲ ၁နာရီတွင် အောင်မြေဘုံစံ ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ၊ ဩဂုတ် ၂၇ရက် မွန်းလွဲ ၁နာရီတွင် သရက်တောကျောင်းဝင်း နှစ်ကျိပ်ရှစ်ဆူ ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဣန္ဒာစရိယ အရှင်သူမြတ်တို့က တရားဒေသနာများ ချီးမြှင့်ဟောကြားမည်ဖြစ်သည်။ (က-ပ)

သဃ်န်းကျွန်းမြို့နယ် လေးဒေါင့်ကန်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး စီမံချက် အရ ဖုံး၊ သွန်၊ လဲ၊ စစ် ကျန်းမာရေးစောင့်ရှောက်မှု ပြည်သူ့အကျိုးပြု လုပ်ငန်းများကို ဇူလိုင် ၁၃ရက်က ရပ်ကွက်ဥက္ကဋ္ဌ ဦးဇော်ဝင်း၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းဌေးနှင့်အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းရီနှင့် အသင်းဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများနှင့်အတူ စုပေါင်းဆောင်ရွက်ကြစဉ်။ (၅၀၆)

မဂ္ဂါဝပ် ၁၀၀၀ ထုတ်လုပ်မည့် အဏုမြူဓာတ်အားပေးစက်ရုံများ တရုတ်နိုင်ငံ ပြည်နယ်များတွင် တည်ဆောက်ရန်စီစဉ်

ပေကျင်း ဇူလိုင် ၁၈

တရုတ်နိုင်ငံ၏ လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းတွင် အရေးပါသော လုပ်ငန်းကြီးတစ်ခုဖြစ်သည့် ချိုင်းနားပါဝါ အင်ဗက်စမင့်ကော်ပိုရေးရှင်းသည် မဂ္ဂါဝပ် ၁၀၀၀ ထုတ်လုပ်ပေးနိုင်သော အဏုမြူဓာတ်အားပေးစက် ၁၀ လုံးကို ရှန်တုန်နှင့် လျောင်နင်ပြည်နယ်တို့တွင် တည်ဆောက်သွားရန် စီစဉ်နေကြောင်း ဒေသဆိုင်ရာသတင်းစာက ဖော်ပြသည်။

ထိုအဏုမြူ ဓာတ်အားပေးစက်များ တည်ဆောက်ရန် စီစဉ်ရခြင်းမှာ လောင်စာစွမ်းအား ရရှိရေးအတွက် ကျောက်မီးသွေး ရုပ်ကြွင်းလောင်စာအပေါ် မှီခိုနေရမှုကို လျှော့ချရန်ဖြစ်သည်ဟု ဆိုသည်။ အဆိုပါ သတင်းစာ၏ ဖော်ပြချက်တွင် မည်သည့်နည်းပညာအမျိုးအစားကို အသုံးပြုကာ အဏုမြူဓာတ်အားပေးစက်ရုံကို တည်ဆောက်မည်ဆိုသော အချက်၊ မည်သည့်အချိန်တွင် စီမံကိန်းကို စတင်၍ မည်သည့်အချိန်တွင် စီမံကိန်းပြီးစီးမည်ဆိုသောအချက်များကို ဖော်ပြထားခြင်းမရှိဟုဆိုသည်။

တည်ဆောက်

အဏုမြူ ဓာတ်အားပေးစက်ရုံ ခြောက်လုံးကို နိုင်ငံအရှေ့ပိုင်းရှိ ရှန်တုန်ပြည်နယ် ဟိုင်ယန်ဒေသတွင် တည်ဆောက်မည်ဖြစ်ပြီး ကျန်စက်ရုံ လေးရုံကို လျောင်နင်ပြည်နယ် တလျံဒေသ ဟောင်ယန်ဟီးတွင် တည်ဆောက်မည်ဖြစ်ကြောင်း သက်ဆိုင်ရာ အထက်တန်းအရာရှိတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ တရုတ်နေ့စဉ်သတင်းစာက ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံ၏ စွမ်းအင်လိုအပ်ချက်စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းကို ကျောက်မီးသွေးလောင်စာကို အသုံးပြုပြီး ဖြည့်ဆည်းပေးလျက်ရှိသည်။ ထို့အပြင် တရုတ်နိုင်ငံ ကျောက်မီးသွေးလုပ်ငန်းသည် ကမ္ဘာ့ကျောက်မီးသွေးလုပ်ငန်းများအနက် အကြီးမားဆုံးသော ကျောက်မီးသွေးတွင်း လုပ်ငန်းတည်ရှိရာ နိုင်ငံလည်းဖြစ်သည်။

စတင်

အဏုမြူဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခြင်းမရှိမီ အမျိုးသားဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်၏ စိစစ်ခြင်းနှင့် ခွင့်ပြုချက်ချပေးသည်များကို စောင့်ဆိုင်းရဦးမည် ဖြစ်သည်။ ထိုခွင့်ပြုချက်ရရှိပြီးမှသာ တည်ဆောက်မှုလုပ်ငန်းများ စတင်ရမည်ဖြစ်သည်။

တရုတ်အမျိုးသားအဏုမြူဓာတ်အားကော်ပိုရေးရှင်း၏ အဆိုအရ ၂၀၂၀ ပြည့်နှစ်အရောက်တွင် တရုတ်နိုင်ငံအတွင်း၌ အဏုမြူဓာတ်ပေါင်းဖို အလုံး ၃၀ တည်ဆောက်သွားနိုင်ရန် အမေရိကန် ဒေါ်လာ ၄၈ ဘီလီယံနှင့် ညီမျှသည့် ငွေကြေးများကို သုံးစွဲရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း သိရသည်။

ဖြည့်ဆည်း

လက်ရှိအခြေအနေတွင် တရုတ်နိုင်ငံ၌ အဏုမြူဓာတ်အားပေးစက်ရုံ ကိုးရုံလည်ပတ်လျက်ရှိပြီး ထိုစက်ရုံများက နိုင်ငံအတွက် လိုအပ်ချက်ရှိသော လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု၏ ၂ ဒသမ၃ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးလျက်ရှိသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ပါကစ္စတန်နိုင်ငံ ကရာချိမြို့ရှိ ဝါဂွမ်းစက်ရုံတစ်ရုံတွင် အလုပ်သမားများ လုပ်ငန်းခွင်ဝင်နေသည်ကို ဇူလိုင် ၁၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နီပေါကြည်းတပ် လေယာဉ်မှူးများမွေးထုတ် ပထမဆုံးအကြိမ် လေယာဉ်မောင်းသင်တန်းဌာနဖွင့်လှစ်

ခတ္တမန္ဒူ ဇူလိုင် ၁၈

နီပေါနိုင်ငံသည် ပြည်တွင်း၌ ပထမဆုံးအကြိမ်အဖြစ် လေယာဉ်မှူးများအား အခြေခံသင်တန်းပေးရန် ရည်ရွယ်လျက် လေယာဉ်မောင်းသင်တန်းဌာန တစ်ခုကို တည်ဆောက်လိုက်ကြောင်း ကြည်းတပ် အကြီးအကဲက ကြာသပတေးနေ့တွင် ပြောကြားသည်။

ဖွင့်ပွဲ

ခတ္တမန္ဒူမြို့လယ် ထရီဘူဝန် နိုင်ငံတကာလေဆိပ်ရှိ နီပေါ ကြည်းတပ် တပ်မဟာ (၁၁) ဝင်းအတွင်း တည်ဆောက်ခဲ့သော နီပေါ ကြည်းတပ် လေယာဉ်မောင်း သင်တန်းဌာနသည် ကနဦးအနေဖြင့် လေယာဉ်မှူး သင်တန်းသားခြောက်ဦးကို သင်တန်းပို့ချပေးမည်ဖြစ်ကြောင်း နီပေါ ကြည်းတပ် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ပယားဂျန်သာပါက သင်တန်းဌာန ဖွင့်ပွဲ အခမ်းအနားတွင် ပြောကြားသည်။

ယင်းသင်တန်း ဖွင့်လှစ်လိုက်ခြင်းဖြင့် နီပေါကြည်းတပ်သည် ကျွမ်းကျင်သော လေယာဉ်မှူးများ ပေါ်ထွက်လာရေးအတွက် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ကြောင်း သာပါက ပြောကြားသည်။

သင်တန်းဌာနသည်မြို့ပြလေကြောင်း အာဏာပိုင်အဖွဲ့နှင့်ညှိနှိုင်းကာသင်တန်း ကြေးယူပြီး စစ်ဘက်မှမဟုတ်သော သင်တန်းသားများကိုလည်း သင်တန်းပို့ချပေးရန်လည်း စီစဉ်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန်တွင် မြေမြှုပ်မိုင်း ရှာဖွေရေးလုပ်ငန်း နိုင်ငံတကာလုံခြုံရေး အကူအညီပေးရေးတပ်ဖွဲ့လုပ်ဆောင်

ကဘူး ဇူလိုင် ၁၈

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့တော် နိုင်ငံတကာလေဆိပ်တွင် ခုနစ်လအတွင်း မြေမြှုပ်မိုင်း ၁၆၄၉ ခု တွေ့ရှိခဲ့ပြီး ယင်းတို့ကို ဖျက်ဆီးပစ်ကြောင်း၊ မိုင်းရှာဖွေရေးလုပ်ငန်း ဆက်လက်လုပ်ဆောင်ရန်လိုအပ်ကြောင်း နိုင်ငံတကာလုံခြုံရေး အကူအညီပေးရေးတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)မှ တာဝန်ရှိပုဂ္ဂိုလ်များက စနေနေ့တွင် ပြောကြားသည်။

ကဘူး နိုင်ငံတကာလေဆိပ် စတုရန်းမီတာ ၆၀၀၀ ခန့်ရှိနေရာမှ ၂၀၀၄ ခုနှစ် ဒီဇင်ဘာလမှ ယခုနှစ် ဇွန်လအထိ မြေမြှုပ်မိုင်း ၁၆၄၉ ခုကို မိမိတို့တွေ့ရှိခဲ့သည်ဟု အိုင်အက်စ်အေအက်ဖ် တပ်မှူး ကာဇင်အွန်ဒူကေလေဆိပ်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

မြေမြှုပ်မိုင်း အများအပြားတွေ့ရှိပြီး ဖျက်ဆီးပစ်ခဲ့သော်ငြားလည်း ယင်းတွေ့ရှိရာနေရာ၏ ထက်ဝက်ခန့်တွင် လုံခြုံမှုရှိသည်ဟု အတည်ပြုနိုင်ခြင်း မရှိသေးကြောင်း၊ ကျန်နေသည့် မြေမြှုပ်မိုင်း အရေအတွက်ကို မပြောနိုင်သေးကြောင်း၊ သို့ရာတွင် မြေမြှုပ်မိုင်းရှာဖွေရေးလုပ်ငန်းကို ဆက်လက်လုပ်ဆောင်နေပြီး ယင်းပြဿနာ နောက်ဆုံးပြေလည်သည်အထိ နှစ်နှစ်ခန့် အချိန်ယူရဦးမည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

ကဘူး နိုင်ငံတကာလေဆိပ်တွင် မိုင်းရှင်းလင်းသူ ၁၀၀ ကျော်ရှိနေပြီး အိုင်အက်စ်အေအက်ဖ်နှင့် အာဖဂန်နစ္စတန်ရှိ ကုလသမဂ္ဂ မိုင်းရှင်းလင်းရေးဌာနမှ ပညာရှင်များလည်း ပါဝင်ကြသည်။ မိုင်းရှာဖွေသည့် စက်များသည် အထူးသဖြင့် အန္တရာယ်ရှိသည့် နေရာများတွင် အရေးပါ အသုံးတည့်သည့်ပစ္စည်းဖြစ်သည်။

ယင်းမြေမြှုပ်မိုင်းများကြောင့် လူ ၁၀၀ ခန့် လစဉ်သေဆုံး သို့တည်းမဟုတ် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ၂၀၀၂ ခုနှစ်အတွင်း လစဉ်ယင်းမိုင်းကြောင့် သေဆုံးသူ ၁၅၀ မှ ၃၀၀ အထိရှိခဲ့ရာမှ လျော့သွားခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ထိုင်း ပြည်ပပို့ကုန် ၂၀ ရာနှုန်း မြင့်တက်မည်

ဗန်ကောက် ဇူလိုင် ၁၈

ထိုင်းနိုင်ငံ၏ ပြည်ပပို့ကုန်များသည် ၂၀၀၅ ခုနှစ်တွင် ၂၀ ရာခိုင်နှုန်းထက် မနည်း မြင့်တက်မည်ဖြစ်ကြောင်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၁၇ ဘီလီယံရှိမည်ဖြစ်ကြောင်း အဓိက ပို့ကုန်တင်ပို့သူများက ထိုင်းဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး ဆွန်ကစ်ဂျတူဆရီပီတတ်အား ပြောကြားခဲ့သည်။

၂၀၀၅ ခုနှစ် ပထမနှစ်ဝက်ကာလတွင် နိုင်ငံ၏ ပြည်ပပို့ကုန်မှာ ၁၃ ရာခိုင်နှုန်းမျှသာ တိုးတက်ခဲ့သော်လည်း ဒုတိယနှစ်ဝက်ကာလတွင် အစိုးရ၏ ရည်မှန်းချက်ကို တိတိကျကျ ပြည့်မီစေမည်ဖြစ်ကြောင်း ပြည်ပကုန်သွယ်ရေး ညွှန်ကြားရေးမှူးများက ဆွန်ကစ်အား ပြောကြားသည်ဟု ထိုင်းသတင်းဌာနက စနေနေ့တွင် ဖော်ပြသည်။

အဓိကပို့ကုန်တင်ပို့သူများက အာမခံချက်ပေးထားသော်လည်း ဒုတိယနှစ်ဝက်ကာလတွင် ပိုမိုကြိုးပမ်း ဆောင်ရွက်ကြရန် နိုင်ငံပေါင်း ၅၃ နိုင်ငံတွင် အခြေစိုက်ထားသည့် ပြည်ပကုန်သွယ်ရေး အကြီးအကဲများအား ဆွန်ကစ်က မှာကြားသည်။

နိုင်ငံ၏ ခိုင်မာသော စီးပွားရေးသည် ခရီးသွားလုပ်ငန်းနှင့် ပို့ကုန်လုပ်ငန်းတို့မှ ရရှိသော ဝင်ငွေပေါ်တွင် အခြေခံသဖြင့် ထိုင်းနိုင်ငံမှ ပို့ကုန်များအတွက် ဈေးကွက်သစ်များ ရှာဖွေရေးကို အရှိန်မြှင့် ဆောင်ရွက်ရန် ၎င်းက ဆက်လက်မှာကြားသည်။***အမ်အင်အေ၊ ဆင်ဟွာ။***

သီရိလင်္ကာလေကြောင်းလိုင်း လေယာဉ်ခများမြှင့်တင်

ကိုလံဘို ဇူလိုင် ၁၈

သီရိလင်္ကာနိုင်ငံ၏ အမျိုးသားလေကြောင်းလိုင်းဖြစ်သော သီရိလင်္ကာ အဲယားလိုင်းသည် ကမ္ဘာ့ဈေးကွက်တွင် ရေနံဈေးနှုန်းများ မြင့်တက်လာမှုကြောင့် လေယာဉ်ခများကို မြှင့်တင်လိုက်ကြောင်း ဝက်ဘ်ဆိုက် သတင်းတွင် ဖော်ပြထားသည်။

သီရိလင်္ကာ အဲယားလိုင်းသည် ဥရောပနှင့် အရှေ့ဖျားဒေသများသို့ ပြေးဆွဲနေသော လေယာဉ်ခများကို ဒေါ်လာ ၂၀ အထိ ဈေးနှုန်းမြှင့်တင်ခဲ့ပြီး ဒေသတွင်းခရီးစဉ်များအတွက် လေယာဉ်ခကို ၁၀ ဒေါ်လာနှုန်းမြှင့်တင်ခဲ့သည်ဟု ဆိုသည်။

ယခုတစ်ကြိမ် လေယာဉ်ခမြှင့်တင်ခဲ့ခြင်းသည် ဧပြီလမှစ၍ ရေတွက်လျှင် တတိယအကြိမ် လေယာဉ်ခဈေးနှုန်း မြှင့်တင်လိုက်ခြင်းပင်ဖြစ်သည်။

သီရိလင်္ကာ အဲယားလိုင်းသည် ၂၀၀၄-၂၀၀၅ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀ သန်းအရှုံးပေါ်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်အရှေ့တောင်ပိုင်း ဗုံးပေါက်ကွဲ ကန်တပ်ဖွဲ့ဝင်လေးဦး ထိခိုက်ဒဏ်ရာရ

ကဘူး ဇူလိုင် ၁၈

အမေရိကန်တပ်ဖွဲ့ဝင်များ လိုက်ပါလာသည့် မော်တော်ယာဉ်သည် အာဖဂန်နစ္စတန်နိုင်ငံ အရှေ့တောင်ပိုင်းပြည်နယ်တွင် ဗုံးပေါက်ကွဲမှုကြောင့် တပ်ဖွဲ့ဝင်လေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်က စနေနေ့တွင် ပြောကြားသည်။

တာလီဘန်ပြောက်ကျားများနှင့် စစ်သွေးကြွများသည် စက်တင်ဘာလတွင်ကျင်းပမည့် ရွေးကောက်ပွဲမတိုင်မီ အာဖဂန်နှင့်အမေရိကန်တပ်ဖွဲ့ဝင်များအား အရှိန်မြှင့်တိုက်ခိုက်နေစဉ် အာဖဂန်နစ္စတန်နိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်မှု အစီအရီဖြစ်ပွားခဲ့ရာမှ ယင်းတိုက်ခိုက်မှုသည် နောက်ဆုံးတိုက်ခိုက်မှုဖြစ်သည်။ မကြာမီ ရက်သတ္တပတ်ကာလများအတွင်း လူဒါဇင်ချီ၍ သေဆုံးခဲ့သည်။

စစ်ဘက်မော်တော်ယာဉ်တန်းတစ်ခု ပက်တီကာပြည်နယ်တွင် စနေနေ့က ဖြတ်သန်းမောင်းနှင်သွားရာ အိမ်လုပ်ဗုံးတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး တပ်ဖွဲ့ဝင်များ ဒဏ်ရာအနည်းငယ်စီရရှိသွားသည်ဟု အမေရိကန်စစ်ဘက်၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ပက်တီကာပြည်နယ်သည် ပါကစ္စတန်နိုင်ငံနှင့် နယ်စပ်ချင်းထိနေပြီး ပြောက်ကျားများကြောင့် ထင်ပေါ်ကျော်စောနေသည့် နေရာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းဒေသမှ အာဖဂန်နစ္စတန်နိုင်ငံအတွင်း လွယ်ကူစွာ ဖြတ်သန်းနိုင်ပြီး ၎င်းတို့အတွက် လုံလုံခြုံခြုံ အကာအကွယ်ပေးထားသည့်နေရာ ဖြစ်နေသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော် ဒါကာရှိ အသံလွှင့်ရုံ အဆောက်အအုံကို ဇူလိုင် ၁၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အများပြည်သူသုံးယာဉ်များ အကြမ်းဖက်တိုက်ခိုက်ခံရဖွယ်ရှိ အမေရိကန်ပြည်သူအများစု စိုးရိမ်ပူပန်နေ

ဝါရှင်တန် ဇူလိုင် ၁၈

အမေရိကန်နိုင်ငံ၏ အများပြည်သူ အသုံးပြုကြသော လူသွားလူလာများသည့် သယ်ယူပို့ဆောင်ရေးယာဉ်များ တိုက်ခိုက်ခံရဖွယ် ရှိသည်ဆိုသော အလားအလာမှာ ရှောင်လွှဲ၍မရနိုင်သော အခြေအနေတွင် ရောက်ရှိနေပြီး နိုင်ငံ၏ လုပ်ဆောင်မှုများမှာလည်း လမ်းကြောင်းမှန်ပေါ်မှ သွေဖည်လျက်ရှိကြောင်း ပြည်သူအများစုက ယုံကြည်နေကြကြောင်း နောက်ဆုံးပြုလုပ်သည့် ကွင်းဆင်းလေ့လာချက်များအရသိရှိရသည်။

အဆိုပါ ကွင်းဆင်းလေ့လာမှုကို အေပီသတင်းဌာနနှင့် အစ်ပ်ဆို့စ် ဈေးကွက် သုတေသနဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်း ဖြစ်သည်။ တယ်လီဖုန်းဖြင့် ပြည်သူ့သဘောထားကို လေ့လာဆန်းစစ်ကြည့်ရာ ၅၇ ရာခိုင်နှုန်းသောပြည်သူများက အမေရိကန်ရှိ လူအများအပြား အသုံးပြုသော ဘတ်စ်ကား၊ ရထားနှင့် မြေအောက်ရထားများတွင် တိုက်ခိုက်ခံရမည့် အလားအလာမှာရှောင်လွှဲ၍မရသောအခြေအနေတွင်ရှိသည်ဟု ဖြေကြားခဲ့ကြသည်။ ပြည်သူ ၃၆ ရာခိုင်နှုန်းသာလျှင် ထိုကိစ္စသည် ကြိုတင်ကာကွယ်နိုင်သောကိစ္စဖြစ်ကြောင်းပြန်ကြားခဲ့ကြသည်။

ရှုမြင်

တစ်ချိန်တည်း၌ပင် သဘောထားကောက်ယူမှုကို ပြန်လည်ဖြေကြားကြသူအများစုက အမေရိကန်နိုင်ငံသည် လုပ်မှားကိုင်မှား ဖြစ်နေသော လမ်းကြောင်းအတိုင်း သွားနေသည်ဟု ရှုမြင်ကြပြီး ၃၆ ရာခိုင်နှုန်းသော ပြည်သူများကသာ လုပ်ပုံကိုင်ပုံမှန်ကန်မှုရှိကြောင်း ရှုမြင်ကြသည်ဟုဆိုသည်။

မေးမြန်း

အထက်ပါ လေ့လာချက်ကို ပြီးခဲ့သောသီတင်းပတ် ဇူလိုင် ၁၁ ရက်မှ ဇူလိုင် ၁၃ရက်အထိ ပြုလုပ်ခဲ့ကြခြင်း ဖြစ်သည်။ ပြည်သူ ၁၀၀၀ တို့ကို တယ်လီဖုန်းလိုင်းမှတစ်ဆင့် သဘောထားများ မေးမြန်းပြီးနောက် ဆန်းစစ်လေ့လာမှုများ ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

၆၂ ရာခိုင်နှုန်းရှိ

ပြည်သူများအနက် အမေရိကန်သမ္မတဘုရှ်၏ လုပ်ဆောင်မှုအပေါ် မှန်ကန်သည်ဟုအမြင်ရှိသူ အချိုးအစားမှာ ယခင်လ ပြည်သူ့သဘောထားဆန်းစစ်လေ့လာစဉ်ကကဲ့သို့ပင်ထောက်ခံသူ နည်းပါးနေသည်ကို တွေ့ရသည်။ ထောက်ခံမှုပေးသူ အချိုးအစားမှာ ၆၂ရာခိုင်နှုန်းသာရှိသည်။

ဖော်ပြ

အီရတ်ကိစ္စတွင် ထောက်ခံသူ ၄၀ ရာခိုင်နှုန်း၊လူမှုဖူလုံရေးကိစ္စများတွင် ထောက်ခံသူ ၃၅ ရာခိုင်နှုန်းနှင့် စီးပွားရေးကိစ္စတွင် ထောက်ခံသူ ၄၂ ရာခိုင်နှုန်းသာ အသီးသီးရှိသည်ကို ကွင်းဆင်းလေ့လာမှုက ဖော်ပြလျက်ရှိသည်။

နိုင်ငံခြားရေးမူဝါဒနှင့် အကြမ်းဖက်မှုနှိမ်နင်းရေးကိစ္စများ၌သာ အမေရိကန်သမ္မတ၏လုပ်ဆောင်ချက်အပေါ်ပြည်သူ့ထောက်ခံမှုမှာ ၅၁ ရာခိုင်နှုန်းရှိသည်ကို တွေ့ကြရသည်။ ယေဘုယျအားဖြင့် အမေရိကန်အစိုးရအပေါ် ၂၀၀၃ခုနှစ်နောက်ပိုင်းတွင် ပြည်သူ့ထောက်ခံမှု ကျဆင်းနေကြောင်း ပြသနေသည်ကို အေပီသတင်းဌာနနှင့် အစ်ပ် ဆို့စ်တို့၏ ပြည်သူ့ဆန္ဒ လေ့လာချက်က ဖော်ပြလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် လုံခြုံရေး စောင့်ကြပ်နေသော အမေရိကန် တပ်ဖွဲ့ဝင်များကို ဇူလိုင် ၁၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လန်ဒန်ဗုံးခွဲမှုတွင် သံသယမကင်းခံရသူ အီဂျစ်နိုင်ငံသားအား ဗြိတိန်သို့ လွှဲပြောင်းပေးမည်မဟုတ်ကြောင်း အီဂျစ်ရှေ့နေချုပ်ပြောကြား

ကိုင်ရို ဇူလိုင် ၁၈

လန်ဒန်တွင် ဇူလိုင် ၇ ရက်က ဗုံးပေါက်ကွဲမှုနှင့် ပတ်သက်နေသည်ဟု သံသယရှိသော အီဂျစ် ဇီဝဓာတုပညာရှင်တစ်ဦးကို အပြစ်ရှိ၍ တရားစွဲဆိုရသည့်တိုင်အောင် ၎င်းကို ဗြိတိန်နိုင်ငံသို့ တရားခံအဖြစ် လွှဲပြောင်းပေးမည် မဟုတ်ကြောင်း အီဂျစ်ရှေ့နေချုပ် မာဟာအက်ဒဲလ်ဝါ ဟဒ်က စနေနေ့တွင် အရိပ်အမြွက် ပြောကြားခဲ့သည်။

တားမြစ်

အီဂျစ်နိုင်ငံသားများသည် မည်သည့်ပြင်ပနိုင်ငံတွင် ကျူးလွန်သော ပြစ်မှုများနှင့် ပတ်သက်၍ လွှဲပြောင်းပေးနိုင်ခွင့်ကို အီဂျစ်နိုင်ငံ၏ အခြေခံဥပဒေက တားမြစ်သည်ဟု ၎င်းက မီနာသတင်းဌာနသို့ ပြောကြားသည်။

အတည်ပြု

လန်ဒန်မြို့ ဗုံးဖောက်ခွဲမှုတွင် ပါဝင်ပတ်သက်သူအဖြစ် အသက် (၃၃) အရွယ်ရှိ မာဒီနာရှာကို သံသယမကင်းကြောင်း၊ ၎င်းမှာ ကိုင်ရိုတွင် ရှိနေကြောင်း အီဂျစ် ပြည်ထဲရေးဝန်ကြီးဌာနက သောကြာနေ့တွင် အတည်ပြုပြောကြားသည်။

စီစဉ်

၎င်းသည် အားလပ်ရက် ၄၅ ရက် ရရှိသည့်အတွက် အီဂျစ်နိုင်ငံသို့ ပြန်ကာ အနားယူလျက်ရှိပြီး နောက်ပိုင်းတွင် ဗြိတိန်သို့ပြန်ကာ ၎င်း၏ ပညာရေး လေ့လာမှုများကို ဆက်လက်ပြုလုပ်ရန် စီစဉ်ကြောင်း သိရသည်။

လန်ဒန်မြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် အနည်းဆုံး လူ ၅၄ ဦး သေဆုံးပြီး လူ ၇၀၀ကျော် ဒဏ်ရာရရှိခဲ့သည်။ ထိုဖြစ်ပွားခဲ့သည့်ကိစ္စရပ်တွင် မည်သို့မျှ ပတ်သက်မှုမျှမရှိဟု နာရှာက ငြင်းဆိုသည်။

အီဂျစ် သိပ္ပံပညာရှင်များသည် အယ်လ်ခိုင်ဒါအဖွဲ့များနှင့် မည်သို့မျှ ပတ်သက်မှုမရှိကြောင်းကိုလည်း အီဂျစ်ပြည်ထဲရေးဝန်ကြီး ဟာဘက်စ်အဲလ် အက်လီက ပြောကြားခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

တူရကီကမ်းလွန်တွင် ကုန်သင်္ဘော နစ်မြုပ် သင်္ဘောသား တစ်ဦး ပျောက်ဆုံးနေ

အင်ကာရာ ဇူလိုင် ၁၈

တူရကီနိုင်ငံ အစ္စတန်ဘူဒေသ ကီးလ်ယို့စ်ကမ်းခြေအလွန် ရေပြင်၌ ပနားမားနိုင်ငံ မှတ်ပုံတင် ကုန်တင်သင်္ဘောတစ်စင်း ဇူလိုင် ၁၅ ရက်တွင် နစ်မြုပ်သွားကြောင်း အနာတိုလီယာသတင်းဌာန သတင်းတွင် ဖော်ပြခဲ့သည်။

ရေးသားထား

နစ်မြုပ်သွားသော သင်္ဘောသည် ကိုရိုနာဇက်အမည်ရှိ ကုန်တင်သင်္ဘောဖြစ်သည်။ ထိုသင်္ဘောသည် ရိုမေးနီးယားနိုင်ငံ ကွန်စတန်ဇာဆိပ်ကမ်းမှ ဘော့စ်ဖိုရပ်ရေလက်ကြားဆီသို့ဦးတည်လာသော သင်္ဘောဖြစ်သည်။ ယင်းသည် ရေလက်ကြား၏ မြောက်ဘက်အဝင်အဝရှိ အမ်ဘာလီဆိပ်ကမ်းအနီးတွင် ဇူလိုင် ၁၅ရက် နံနက် ၇နာရီ ၃၅ မိနစ်ခန့်၌ ကျောက်ချရပ်နားနေခဲ့သည်။ ထို့နောက်ပိုင်းတွင်မှ သင်္ဘောသည် ဒုက္ခတွေ့နေပြီဖြစ်ကြောင်း အချက်ပြသည့် သတင်းများ ပေးပို့ခဲ့သည်ဟု သတင်းတွင်ရေးသားထားသည်။

ဒုက္ခတွေ့နေကြောင်း အသံလွှင့်ချက်ရပြီးနောက် ကိုရိုနာဇက်သင်္ဘောရှိရာဆီသို့ ကယ်ဆယ်ရန်သွားရောက်ခဲ့သော တူရကီကမ်းခြေစောင့်တပ်မှ ဆွဲသင်္ဘောတစ်စင်းနှင့် အခြားတူရကီ သင်္ဘောတစ်စင်းတို့က နစ်မြုပ်သွားသော သင်္ဘောပေါ်မှ သင်္ဘောသား ၁၀ ဦး အနက်ကိုးဦးကို ကယ်ဆယ်နိုင်ခဲ့ကြသည်။ သင်္ဘော၏ မာလိန်မှူးမှာ ပျောက်ဆုံးနေဆဲဖြစ်၍ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများဆက်လက်ဆောင်ရွက်လျက်ရှိသည်ဟု သတင်းများကဆိုသည်။***အမ်အင်အေ၊ ဆင်ဟွာ။***

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ကားဗုံးပေါက်ကွဲမှုကြောင့် မီးလောင်နေသည်ကို ဇူလိုင် ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဇင်ဘာဘွေတွင် ဆေးတုများကြောင့်ပြည်သူ့ကျန်းမာရေးကို ထိခိုက်

ဟာရာရေး ဇူလိုင် ၁၈

ဇင်ဘာဘွေနိုင်ငံသည် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများတွင် အတန်အသင့်တိုးတက်မှုရအောင် ဆောင်ရွက်နိုင်ခဲ့သော်လည်း နိုင်ငံအတွင်း ရောင်းချနေသော ဆေးဝါးအတုများကြောင့် ရရှိထားပြီးဖြစ်သည့် တိုးတက်မှုများမှာ ပျက်ပြယ်ရမည့်အခြေအနေနှင့် ကြုံတွေ့နေရကြောင်း တာဝန်ရှိသူတစ်ဦးက ဇူလိုင် ၁၅ ရက်နေ့တွင် ပြောကြားခဲ့သည်။

ကျင်းပ

ဇင်ဘာဘွေတွင် ယခုနှစ်အတွက် ကျင်းပရန်ရှိသော အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့ကို အချိန်နောက်ကျမှ ကျင်းပနိုင်ခဲ့သည်။ အဆိုပါ အခမ်းအနားတွင် ကျန်းမာရေးနှင့် ကလေးသူငယ် စောင့်ရှောက်ရေးဝန်ကြီးဌာန ဝန်ကြီး ဒေးဗစ်ပါရီရန်ယာတွာက ပြောကြားခဲ့ခြင်းဖြစ်သည်။

ကြီးထွားလာ

ဆေးဝါးအတုများပြဿနာသည် ကြီးထွားလာလျက်ရှိကြောင်း၊ အချိန်မီ တားဆီးနိုင်ခြင်းမရှိလျှင် မိမိတို့ ဇင်ဘာဘွေနိုင်ငံက ရရှိပြီးဖြစ်သော ကျန်းမာရေးဆိုင်ရာ တိုးတက်မှုများနှင့် ဆေးဝါးလောကကို ထိခိုက်လာစရာ ရှိကြောင်း ကျန်းမာရေးဝန်ကြီးက ပြောကြားသည်။

ဆေးဝါးအတု

ကမ္ဘာ့ဆေးဝါးဈေးကွက်တွင် ၁၀ ရာခိုင်နှုန်းကျော်မှာ ဆေးဝါးအတုများ ဖြစ်နေကြောင်း၊ ထိုဆေးအတုများကို ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးပြီး နိုင်ငံများတွင်ပါ တွေ့ရနိုင်ကြောင်း ၎င်းက ထည့်သွင်းပြောကြားခဲ့သည်။

တိုက်တွန်း

အဆိုပါ ဆေးဝါးတုပြဿနာကို ဖြေရှင်းရန်အတွက် ဆေးဝါးထိန်းချုပ်ရေးအာဏာပိုင်အဖွဲ့ကို ဇင်ဘာဘွေနိုင်ငံက ဖွဲ့စည်းထားပြီး ဆေးဝါးမှန်များကို ရောင်းချနိုင်ရေးအတွက် ထိန်းချုပ်ကြီးကြပ်လျက်ရှိသည်။ ပြည်သူများ၊ ဆေးဝန်ထမ်းများအနေဖြင့်လည်း ဆေးဝါးတုထိန်းချုပ်ရေးကိစ္စတွင် ပူးပေါင်းကူညီကြရန် ဝန်ကြီးက တိုက်တွန်းနှိုးဆော်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက်တွင် လောင်စာတင်ယာဉ်ဗုံးခွဲခံရ လူ ၉၈ ဦး သေဆုံးခဲ့ရ

မူဆေယစ်(အီရတ်) ဇူလိုင် ၁၈

ကားဗုံးဖောက်ခွဲသူသုံးဦးက အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် စနေနေ့က လောင်စာတင်ယာဉ်ကို ရက်ရက်စက်စက်ဗုံးခွဲတိုက်ခိုက်မှုကြောင့် လူ ၉၈ဦးသေဆုံးခဲ့ကြောင်းဖြင့် ရိုက်တာသတင်းတစ်ရပ်တွင်ဖော်ပြထားသည်။

အီရတ်အစိုးရသစ် ဧပြီလအတွင်း အာဏာရရှိခဲ့ပြီးနောက် အဝေးပြေးလမ်းမကြီးရှိရာ မူဆေယစ်မြို့တွင် ဖော်ပြပါ တိုက်ခိုက်မှုသည် လူသေဆုံးမှု အများဆုံးဖြစ်ခဲ့သည်။ ဟီလာမြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် လူ ၁၂၅ ဦး သေဆုံးခဲ့ပြီးနောက် ဗုံးတစ်လုံး ဖောက်ခွဲမှုဖြင့် လူအများဆုံး သေဆုံးမှုဖြစ်ခဲ့သည်။

စနေနေ့က ဗုံးဖောက်ခွဲမှုအား ပါလီမန်ရှိ အမတ်များက ရှုတ်ချပြောကြားပြီး ဒေသခံလက်နက်ကိုင် တပ်ဖွဲ့ဝင်များ လက်နက်ကိုင်ဆောင်ရေးအတွက် တိုက်တွန်းပြောကြားကြသည်။

ဘဂ္ဂဒက်မြို့တော်တွင် ၄၈နာရီအတွင်း ဗုံးဖောက်ခွဲသူ ၁၅ဦး ဗုံးဖောက်ခွဲမှုနှင့်ဘဂ္ဂဒက်တောင်ပိုင်း အဝေးပြေးလမ်းမတစ်လျှောက် အယ်လ်ခိုင်ဒါအဖွဲ့၏ တိုက်ခိုက်ဖောက်ခွဲမှုသည် ဘဂ္ဂဒက်မြို့တော်အားထိန်းချုပ်ရန်လှုပ်ရှားမှု အသစ်တစ်ရပ်ဖြစ်သည်ဟုယင်းအဖွဲ့က ကြေညာသည်။

ရီးယိုက်နှင့် ဆွန်နီမွတ်စလင်များ နေထိုင်ရာမြို့ရှိ ရီးယိုက် ဗလီအနီး ဗုံးပေါက်ကွဲမှုသည်လည်း အဆိုးဆုံးဖြစ်ရပ်တစ်ခု ဖြစ်ခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဓမ္မစကြာ အခါတော်နေ့

ကထိကရဟန်း

– နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

– နမော တဿ ဓမ္မဿ သွာက္ခာတဿ သန္ဒိဋ္ဌိကဿ။

– နမော တဿ သံဃဿ သုပ္ပဋိပန္နဿ ဥဇုပ္ပဋိပန္နဿ။ ။

မြန်မာနိုင်ငံနှင့်တကွ ကမ္ဘာအရပ်ရပ်၌ မှီတင်းနေထိုင်ကြကုန်သော ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့ . . .

ဒီနေ့ဟာ ပွင့်တော်မူပြီးသော ဘုရားရှင်တိုင်း ဘုရားရှင်တိုင်း 'ပရိယတ္တိသဒ္ဓမ္မ'လို့ခေါ်တဲ့ တရားတော်ကို စတင်ဟောကြားတော်မူရာဖြစ်တဲ့ **'ဝါဆိုလပြည့်နေ့'** ဖြစ်ပါတယ်။ ဒီလို "တရားတော်ကို စတင်ဟောတော်မူပြီ"ဆိုတာနဲ့ "သာသနာတော်ကို စတင်လိုက်ပြီ"ဆိုတာဟာ အတူတူပါပဲ။ မှန်ပါတယ်။ "ဗုဒ္ဓသာသနာတော်" ဆိုတာဟာ "ဗုဒ္ဓရဲ့အဆုံးအမစကားလို့"အဓိပ္ပာယ်ရပါတယ်။ "ဗုဒ္ဓရဲ့တရားတော်" လို့လဲ အဓိပ္ပာယ်ရပါတယ်။

ဒီလို ဗုဒ္ဓရဲ့အဆုံးအမစကားတော်ခေါ် သာသနာတော် သတ္တလောကကြီးအတွင်း၌ ပြန်လည်လှုပ်ရှားထွန်းပလာတာနဲ့"ဗုဒ္ဓစကားတော်"ခေါ် သာသနာတော် ကွယ်ခဲ့သည့် အချိန်မှစပြီး ကွယ်ပျောက်နေခဲ့တဲ့ သမ္မုတိ သံဃာတော်ဟာလဲ ပေါ်လာရပါတယ်။ ဒါကြောင့် ဒီဝါဆိုလပြည့်နေ့ဟာ ဗုဒ္ဓရတနာ၊ ဓမ္မရတနာ၊ သံဃရတနာ စုံလင်တဲ့ နေ့ထူးနေ့မြတ်ကြီး ဖြစ်ပါတယ်။ ဘုရားရှင် ဟောကြားတော်မူတဲ့ ဓမ္မစကြာ တရားတော်ဟာလဲ ထူးမြတ်တဲ့ ဒေသနာတော် ဖြစ်ပါတယ်။

ဒီနေရာမှာ ကဆုန်လပြည့်နေ့တွင် ဗုဒ္ဓပွင့်တော်မူပါလျက် ကဆုန်လပြည့်နေ့ကစပြီး သာသနာတော် စတင်ခြင်း၊ တရားဟောတော်မူခြင်း မပြုပါဘဲ နှစ်လတိတိအကြာ ကာလဖြစ်တဲ့ ဝါဆိုလပြည့်နေ့မှာမှ တရားတော်ကို ဟောတော်မူခြင်း၊ သာသနာတော် စတင်ရခြင်းနှင့်စပ်ပြီး ရှင်းလင်းဖို့ လိုအပ်ပါတယ်။

သတ္တဌာန စံတော်မူခြင်း

ဗုဒ္ဓပွင့်တော်မူသည်မှ ပရိနိဗ္ဗာန်စံတော်မူသည်အထိ ဖြစ်တော်စဉ်ကို ဆင်ခြင်သုံးသပ်မယ်ဆိုလျှင်–

(က) မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်ကျော် ၁ ရက်မှ ဝါဆိုလပြည့်နေ့ ညနေချမ်း ကာလအထိ တစ်ဆစ် တစ်ပိုင်း။

(ခ) ထိုဝါဆိုလပြည့်နေ့ ညနေချမ်း ဓမ္မစကြာ တရားဟောတော်မူအပ်ရာအချိန်မှ မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့် ပရိနိဗ္ဗာန်စံတော်မူရာ အချိန်အထိ တစ်ဆစ်တစ်ပိုင်းဟု နှစ်ပိုင်းနှစ်ဌာန တွေ့မြင်ကြည့်ရှုနိုင်ကြပါတယ်။

တစ်ဖန် ရှေ့ပိုင်းဖြစ်တဲ့ (က)အပိုင်းကို ဆင်ခြင်သုံးသပ်ပြန်လျှင်–

(၁) မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်ကျော် ၁ ရက်မှ ထိုနှစ် ဝါဆိုလဆန်း ၅ ရက်အထိ ၄၉ ရက်က တစ်ပိုင်း။

(၂) ဝါဆိုလဆန်း ၆ ရက်မှ ဝါဆိုလပြည့် ညနေချမ်း တရားမဟောမီအထိ ၁၀ ရက်က တစ်ပိုင်းလို့ တွေ့နိုင်ပြန်ပါတယ်။

ထိုနှစ်ပိုင်းမှာ ရှေ့ပိုင်း ၄၉ ရက်ဟာ ဝိမုတ္တိသုခလို့ခေါ်တဲ့ နိဗ္ဗာန်ချမ်းသာကို ခံစားတော်မူရင်း ရရှိ၊ သိရှိပြီးဖြစ်တဲ့ တရားတော်တို့ကို သုံးသပ်ဆင်ခြင်တော်မူရာ ကာလဖြစ်ပါတယ်။ နောက်ပိုင်း ၁၀ ရက်ကတော့ တရားဟောတော်မူရန် ပြင်ဆင်တဲ့ ကာလဖြစ်ပါတယ်။

အနည်းငယ်ချဲ့ပြောပါမယ်။

ပလ္လင်္ကသတ္တာဟ

မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့ ဘုရားအဖြစ်သို့ ရောက်တော်မူပြီး လပြည့်ကျော် ၁ ရက် မှ စလျက် ၇ ရက်နေ့အထိ ခုနစ်ရက်တိုင်တိုင် သီတင်းသုံးတော်မူမြဲဖြစ်သော တင်ပလ္လင်တော်ဖြင့်ပင် သီတင်းသုံးတော်မူကာ ကုဋေပေါင်း အသိန်းမကသော အရဟတ္တဖိုလ် စတုတ္ထဈာန်သမာပတ်တို့ကို ဝင်စားပြီး ဝိမုတ္တိသုခခေါ်သော နိဗ္ဗာန်ချမ်းသာကို ခံစားတော်မူပါတယ်။ ထိုသို့ ခံစားတော်မူရင်း သတ္တလောကကြီး တစ်ခုလုံး ကြောင်းကျိုးဆက်စပ် ဖြစ်ပေါ်နေပုံကို အစုံအဆန် အပြန်ပြန်အလှန်လှန် သုံးသပ်ဆင်ခြင်တော်မူပါတယ်။ ဒီလိုသက်ရှိလောကကြီးရဲ့ဖြစ်စဉ်ကို ဆင်ခြင်တော်မူခြင်းကိုပဲ ပဋိစ္စသမုပ္ပာဒ် တရားကို အနုလုံ ပဋိလုံ သုံးသပ်တော်မူသည်လို့ ကျမ်းဂန်တို့မှာ ပြပါတယ်။

အနိမိသသတ္တာဟ

ထို့နောက် ကဆုန်လပြည့်ကျော် ၈ ရက်မှ ၁၄ ရက်အထိ ခုနစ်ရက်ပတ်လုံး ဗောဓိပင်မှ စဉ်းငယ် အရှေ့သို့ ယွန်းသော မြောက်အရပ်မှာရှိတဲ့ အနိမိသဌာနမှာ ရပ်လျက် မမိုတ်သော မျက်လုံးတော်အစုံဖြင့် ဗောဓိပင်နှင့် အပရာဇိတပလ္လင်တော်ဌာနကို ကြည့်တော်မူပြီး လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကြာအောင် ဖြည့်ကျင့်တော်မူခဲ့ရတဲ့ ပါရမီတော်တို့ကို ပြန်လည်ဆင်ခြင် သုံးသပ်တော်မူပါတယ်။ ထိုသို့ ဗောဓိပင်နှင့် ပလ္လင်တော်ဌာနကို ကြည့်တော်မူခြင်းကို အချို့နတ်တို့က အထင်လွဲမှားမှု ဖြစ်ကြပါတယ်။ ၎င်းအထင်လွဲမှားမှုကို ပယ်ဖျောက်ရန် ကောင်းကင်သို့ပျံတက်ပြီး ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာကို ပြတော်မူပါတယ်။ ဒီခုနစ်ရက်ကို အနိမိသ သတ္တာဟလို့ ခေါ်ပါတယ်။

စင်္ကမသတ္တာဟ

ထို့နောက် ကဆုန်လပြည့်ကျော်၁၅ (လကွယ်) ရက်မှ နယုန်လဆန်း၆ရက်အထိ ခုနစ်ရက်ပတ်လုံး ပလ္လင်တော်ဌာနနှင့် အနိမိသဌာနတို့၏ အကြား အရှေ့အနောက် အလျားရှိသည့် ရတနာစင်္ကြံတော်၌ ပဋိစ္စသမုပ္ပာဒ်တရားနှင့် ဆက်သွယ်ပြီး အဘိဓမ္မာ သဘာဝတို့မှ တစ်ပါးကုန်သော ဓမ္မသဘောတို့ကို ဆင်ခြင်သုံးသပ်တော်မူကာ စင်္ကြံကြွရင်း သီတင်းသုံးတော်မူပါတယ်။ ဒီခုနစ်ရက်ကို စင်္ကမသတ္တာဟလို့ ခေါ်ပါတယ်။

ရတနာဃရသတ္တာဟ

ထို့နောက် နယုန်လဆန်း၇ ရက်မှ ၁၃ ရက်အထိ ခုနစ်ရက်ပတ်လုံး မဟာဗောဓိပင်မှ အနောက်မြောက်ထောင့်အရပ်မှာ နတ်ဗြဟ္မာတို့ ဖန်ဆင်းအပ်တဲ့ "ရတနာဃရ"ခေါ်တဲ့ ရွှေအိမ်တော်မှာ ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူပြီး သက်ရှိသက်မဲ့ အားလုံးတို့ရဲ့ သဘာဝဓမ္မများဖြစ်တဲ့ အဘိဓမ္မာ သဘောတရားတို့ကို ဆင်ခြင်သုံးသပ်တော်မူပါတယ်။ နောက်ဆုံး အကြောင်းအကျိုးဆက်စပ် ဝေဖန်သည့် ပဋ္ဌာန်းကျမ်းအပိုင်းသို့ ရောက်တဲ့အခါ ကြီးကျယ်လှသဖြင့် စွမ်းရည်အပိုင်းအခြားမရှိတဲ့ သဗ္ဗညုတဉာဏ်တော်ကြီး ကွန့်မြူးခွင့်ရပြီး ကိုယ်တော်မြတ်မှ ရောင်ခြည်တော်ခြောက်ဆိုင် ထွက်ပေါ်ကွန့်မြူးလာပါတယ်။ ဒီခုနစ်ရက်ကို ရတနာဃရသတ္တာဟလို့ ခေါ်ပါတယ်။

အဇပါလ နိဂြောဓသတ္တာဟ

ထို့နောက် နယုန်လဆန်း၁၄ရက်မှ နယုန်လပြည့်ကျော်၅ရက်အထိ မဟာဗောဓိပင်မှ အရှေ့အရပ်၌ရှိတဲ့ အဇပါလနိဂြောဓခေါ် ဆိပ်ကျောင်းညောင်ပင်အနီးမှာ ခုနစ်ရက်ပတ်လုံး သီတင်းသုံးကာ တရားတော်တို့ကို ဆင်ခြင်တော်မူပြီး ဝိမုတ္တိသုခကို ခံစားတော်မူရင်း မာရ်နတ်သမီး နတ်သမီးသုံးယောက်တို့ရဲ့ နှောင့်ယှက်မှုကို ပယ်ရှားတော်မူပါတယ်။ ဒီ ခုနစ်ရက်ဟာ အဇပါလ နိဂြောဓသတ္တာဟဖြစ်ပါတယ်။

မုစလိန္ဒသတ္တာဟ

ထို့နောက် နယုန်လပြည့်ကျော်၆ ရက်မှ ၁၂ ရက်အထိ ဗောဓိပင်မှ အရှေ့တောင်အရပ်မှာရှိတဲ့ မုစလိန္ဒာအိုင်ကြီးအနီး ကျီးပင်ရင်းမှာ ခုနစ်ရက်ပတ်လုံး ဝိမုတ္တိသုခကို ခံစားတော်မူပြန်သည်။ ဒီခုနစ်ရက်ဟာ မုစလိန္ဒသတ္တာဟဖြစ်ပါတယ်။

ရာဇာယတနသတ္တာဟ

ထို့နောက် နယုန်လပြည့်ကျော်၁၃ ရက်မှ ဝါဆိုလဆန်း၅ ရက်အထိ ခုနစ်ရက်ပတ်လုံး မဟာဗောဓိပင်၏ တောင်အရပ်မှာရှိတဲ့ လင်းလွန်းပင်၏ အနီးမှာ ဝိမုတ္တိသုခကိုခံစားရင်း သီတင်းသုံးပါတယ်။ ဒီခုနစ်ရက်ကို ရာဇာယတနသတ္တာဟလို့ ခေါ်ပါတယ်။

ဒီလိုနဲ့ ဗုဒ္ဓကိုယ်တော်မြတ်ဟာ ၄၉ ရက်ပတ်လုံး ဝိမုတ္တိသုခခေါ် နိဗ္ဗာန်ချမ်းသာကို ခံစားတော်မူကာ သိပြီးတရားတော်တို့ကို ဆင်ခြင်သုံးသပ်တော်မူရာ သတ္တလောက၊ ဩကာသလောက၊ သင်္ခါရ လောက ဟူသော လောကသုံးပါး၌ ရှိနေသမျှ၊ဖြစ်ပျက်နေသမျှ ဓမ္မအားလုံးကို ဆင်ခြင်သုံးသပ်မိပြီး ဖြစ်ပါတော့တယ်။ တရားနာ ဝေနေယျတို့ရဲ့ ပါရမီအလျောက် ဣန္ဒြေအနုအရင့်ကိုထောက်ပြီး ဒေသနာဉာဏ်တော်နဲ့ တရားတော်ကို ဟောတော်မူရန်သာလိုပါတော့တယ်။

တရားဟောရန် ပြင်ဆင်တော်မူခြင်း

မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလဆန်း ၆ ရက်မှ ဝါဆိုလပြည့်နေ့အထိ ၁၀ ရက်တာကာလသည် ဘုရားရှင် တရားဟောရန် ပြင်ဆင်တော်မူရာ ကာလဖြစ်ပါတယ်။

ဘုရားရှင်ဟာ ဝါဆိုလဆန်း ၆ ရက် နံနက် လင်းလွန်းပင်အနီးမှာ တပုဿ၊ ဘလ္လိကတို့ ကပ်လှူတဲ့ မုန့်ဆွမ်းတို့ကို အလှူခံဘုဉ်းပေးတော်မူပြီး အဇပါလနိဂြောဓ ခေါ် ဆိပ်ကျောင်းညောင်ပင်အနီးသို့ ပြန်ကြွရောက်တော်မူပါတယ်။ ရောက်တော်မူတဲ့အခါ တရားဟောတော်မူရန် ပြင်ဆင်တဲ့အနေနဲ့–

ကိုယ်တော်မြတ်သိတော်မူထားတဲ့ တရားတော်တို့နဲ့ လက်ရှိသတ္တလောကကြီးတို့ရဲ့ အနေအထားကို ဉာဏ်တော်ဖြင့် ဆင်ခြင်သုံးသပ်တော်မူပါတယ်။ ဒီအခါမှာ "အပ္ပေါဿုက္ကတာယ စိတ္တံ နမတိ၊ နော ဓမ္မဒေသနာယ= တရားမဟောသေးဘဲ နေတော်မူရန် စိတ်ညွတ်တော်မူပါတယ်။ ဒီလို စိတ်ညွတ်တော်မူတယ်ဆိုတာ တရားမဟောတော့ဘူးလို့ ဆုံးဖြတ်တာ မဟုတ်ပါဘူး။ စိတ်တော်တွန့်ဆုတ်တာလဲ မဟုတ်ပါဘူး။ ဘုရားရှင်တို့ရဲ့ စိတ်တော်ဟာ တွန့်ဆုတ်တယ်လို့ လုံးဝမရှိပါဘူး။ အမှန်အားဖြင့် တရားမဟောသေးဘဲ ခေတ္တနေတော်မူရန် စိတ်ဖြစ်တော်မူခြင်းသာဖြစ်ပါတယ်။

ဘာကြောင့်လဲဆိုတော့ ဒီအချိန်မှာ–

(၁) တရားဟောရန် အကြောင်းမလုံလောက်သေးခြင်း၊

(၂) တရားဟောရမည့် အချိန်ကာလသို့ မရောက်သေးခြင်းတို့ကြောင့်ဖြစ်ပါတယ်။

မှန်ပါတယ်။ တရားဟောရန် အကြောင်းနှစ်ရပ်ရှိရာ "ဗြဟ္မုနော စ အဇ္ဈေသနံ=ဗြဟ္မာတောင်းပန်ရမယ်" ဆိုတဲ့ အကြောင်းတစ်ရပ်ပါဝင်ပါတယ်။ ဒီအချိန်မှာ ဗြဟ္မာက တရားဟောရန် မတောင်းပန်သေးပါဘူး။ ထို့ပြင် ပွင့်တော်မူတိုင်းသော ဘုရားရှင်တို့ဟာ "အာသဠှိပုဏ္ဏမ ဒိဝသလို့ခေါ်တဲ့ ဝါဆိုလပြည့်နေ့မှာသာ တရားတော်ကို စတင်ဟောတော်မူမြဲ၊ သာသနာတော်ကို စတင်မြဲဖြစ်ပါတယ်။ ဒါကြောင့် တရားတော်ကို စတင်ဟောရမယ့် အချိန်ကလဲ မရောက်သေးပါဘူး၊ အကယ်၍ ဗြဟ္မာကမတောင်းပန်သေး၊ ဝါဆိုလပြည့်နေ့လဲ မရောက်သေးဘဲ တရားဟောတော်မူပါက မည်သူ တစ်ဦးတစ်ယောက်မျှ တရားထူးရမည်မဟုတ်ပါ။ ဘုရားရှင် ကိုယ်တော်မြတ် ပင်ပန်းရုံသာဖြစ်ပါမယ်။ ဒါကြောင့် တရားမဟောသေးရန် စိတ်တော်ညွတ်တော်မူခြင်း ဖြစ်ပါတယ်။

ဗြဟ္မာတောင်းပန်ခြင်း

ဘုရားရှင်ထိုသို့ စိတ်တော်ညွတ်ခြင်းကို သုဒ္ဓါဝါသ ဗြဟ္မာဘုံမှာနေတဲ့ အနာဂါမ်ဗြဟ္မာကြီးဖြစ်တဲ့ သဟမ္ပတိ ဗြဟ္မာကြီးသိရှိပြီး "နဿတိ ဝတ ဘော လောကော= ဘော၊ အို---အချင်းတို့။ လောကော၊ လောကကြီးသည်။ နဿတိဝတ၊ ပျက်စီးတော့မှာပါတကား"ဟု ကြွေးကြော်ရောက်ရှိလာပြီး "ဒေသေတု ဘဂဝါ ဓမ္မံ၊ အညာတာရော ဘဝိဿန္တိ=တရားတော်ဟောတော်မူပါ မြတ်စွာဘုရား၊ တရားတော်ကို နားလည်သဘောပေါက်သူတို့ရှိကြပါလိမ့်မည်"ဟု လျှောက်ထားသည်။

ထိုအခါ တရားဟောရန်အကြောင်း လုံလောက်ပြီဖြစ်၍ တရားဟောခြွေချွတ်ရမည့် ပုဂ္ဂိုလ်တို့ကို ရှာဖွေရာ ဗာရာဏသီမြို့အနီး မိဂဒါဝုန်တော၌ နေကြသည့် ပဥ္စဝဂ္ဂီတို့ကို တွေ့မြင်ရွေးချယ်ပြီး ၁၈ယူဇနာဝေးသည့် မိဂဒါဝုန်တောသို့ နယုန်လဆန်း ၇ ရက်နေ့မှစ၍ "တုရိကစာရိကာ အတုရိကစာရိကာ"ဟူသော ဒေသစာရီကြွနည်းနှစ်မျိုးတွင် အတုရိကစာရိကာနည်းဖြင့် တစ်နေ့ နှစ်ယူဇနာနှုန်းဖြင့် ခြေကျင်ကြွတော်မူပါတယ်။ ထိုသို့ ခရီးအဝေးကြီးက ဘုရားရှင်ကြွတော်မူလာသော်လဲ ပဥ္စဝဂ္ဂီတို့က ဘုရားဖြစ်သည်ဟု မယုံကြည်ကြပါ။

ဒါကြောင့် ဗုဒ္ဓက "အရဟံ ဘိက္ခဝေ တထာဂတော သမ္မာသမ္ဗုဒ္ဓေါ၊ ဩဒဟထ ဘိက္ခဝေ သောတံ–ရဟန်းတို့ ငါဟာပူဇော်အထူးကို ခံယူထိုက်တဲ့ သမ္မာသမ္ဗုဒ္ဓဘုရားဖြစ်ပြီ၊ ရဟန်းတို့ နားထောင်ကြ"ဟု ရှင်းပြတိုက်တွန်းတော်မူပါတယ်။ ထိုအခါတွင်မှ ပဥ္စဝဂ္ဂီတို့က "သောတံ ဩဒဟိံသု၊ အညာ စိတ္တံ ဥပဋ္ဌာပေသုံ= တရားနာလိုတဲ့စိတ်ဖြစ်ကြပြီး တရားနာလိုတဲ့စိတ်နဲ့ နားစိုက်ကြတာဖြစ်ပါတယ်"။

တရားဟောတော်မူပြီ

မြန်မာနိုင်ငံနှင့်တကွ ကမ္ဘာအရပ်ရပ်၌ မှီတင်းနေထိုင်ကြကုန်သော အို . . . ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ဘုရားရှင်ဓမ္မစကြာခေါ်တဲ့ တရားဦးဒေသနာကို ဟောကြားတော့မှာဖြစ်ပါတယ်။ ဒါကြောင့် အဲဒီတရားဦး ဟောပုံကို မှန်းမြော်ကြည်ညိုကြပါကုန်စို့ . . .။

ဌာနမှာ။ ။ မဇ္ဈိမဒေသ ဗာရာဏသီမြို့ရဲ့ မနီးမဝေး အေးချမ်းသာယာလှတဲ့ မိဂဒါဝုန်တောကြီး အတွင်း၊ကာလမှာ။ ။စိမ်းလန်းစိုပြည်နေတဲ့ ဝါဆိုလပြည့် ညကာလ၊ အချိန်မှာ။ ။အရှေ့လောကဓာတ်မှ လမင်းကြီးက ပေါ်ထွက်ခါစ၊ အနောက်လောကဓာတ်မှ နီရဲနေတဲ့ နေမင်းကြီးက နေလုံး မပျောက်မီအချိန်၊ ပွင့်သစ်စဖြစ်တဲ့ ဗုဒ္ဓကိုယ်တော်မြတ်က အရှေ့ဘက်သို့ မျက်နှာတော်မူကာ ထိုင်နေတော်မူပြီး ငါးဦးသော ပဥ္စဝဂ္ဂီရသေ့ကြီးတို့က ဗုဒ္ဓဘက်သို့ မျက်နှာမူကာ တရားတော်ကို ငံ့လင့်သည့်အနေအထား တစ်ဆယ့်ရှစ်ကုဋေသော နတ်ဗြဟ္မာများ ဝန်းရံနေချိန်တွင် အတုမရှိသော အသံတော်ဖြင့်–

"ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ" ဟူသော ဓမ္မအသံတော်ကြီး ဟိန်းထွက်လာကာ မိဂဒါဝုန်တောအလုံးနှင့်တကွ အထက်ဘဝဂ်၊ အောက် အဝီစိ၊ ဝန်းကျင်ပတ်ချာ စကြဝဠာ တစ်သောင်းတိုင်တိုင် ပျံ့နှံ့သွားလေတော့၏။

ဤကား . . . ဗုဒ္ဓဂေါတမ၏ သာသနာတော် စတင်လိုက်ခြင်းပင် ဖြစ်ပါသတည်း။ ။

> **ဆေတာရုံ ဘဝစက္ကဿ၊ ဓမ္မစက္က မဝတ္တယိ။ စက္ကဝတ္တိ ဝရော နာထော၊ သုတ္တန္တံ တံ ဘဏာမဟေ။ ။**

စက္ကဝတ္တိ၊ ဓမ္မစကြာ ရတနာကို သာယာကြူးငြိမ့် ဟောမိန့် လှည့်လည်တော်မူနိုင်သော။ ဝရော၊ လူ, နတ်, ဗြဟ္မာ သတ္တဝါတို့ထက် အထွတ်အဖူး ဖြစ်တော်မူသော။ စက္ကဝတ္တိဝရော၊ စက္ကဝတ်မင်း အဆောင်ဆောင်တို့ထက် ဥဿျောင်တမွတ် မြင့်မြတ်တော်မူထသော။ နာထော၊ လူသုံးပါးတို့၏ ကိုးစားရာ အစစ် ဓမ္မရာဇ်မှန်ကူ သယမ္ဘူမြတ်ဘုရားသည်။ ဘဝစက္ကဿ၊ ကြောင်းကျိုးချုပ်ဆက် ဘဝစက်ကို။ ဆေတာရုံ၊ အမြစ်ပြတ်အောင် ဖြတ်တော်မူတတ်သော။ ဓမ္မစက္ကံ၊ သစ္စာလေးချက် ဓမ္မစက်ကို။ ဓမ္မစက္က၊ ဒေသနာ, ပဋိဝေဓ, ဉာနထက်မြက် ဓမ္မစက်ကို။ အဝတ္တယိ၊ ဟောမိန့်မြွက်ဖော် လည်စေတော်မူလေပြီ။ တံ သုတ္တန္တံ၊ ထိုဓမ္မစက္က ပဝတ္တနသုတ္တန်ကို။ ဘဏာမဟေ၊ ဌာနာရဟ ကျနစွာရွတ်ဆို သရဇ္ဈာယ် ကြပါကုန်စို့တကား။ ။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဧရာဝတီတိုင်းတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သိန်းအောင် အင်္ဂပူမြို့နယ် မယ်ဇလီကုန်းကျေးရွာရှိ ဗိုလ်အောင်ကျော်ခန်းမ တည်ဆောက်ရေး လုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သစ်တောရေးရာ)

ရန်ကုန် ဇူလိုင် ၁၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဇူလိုင်၁၆ရက် မွန်းလွဲပိုင်းတွင် အင်္ဂပူမြို့နယ် မယ်ဇလီကုန်းကျေးရွာရှိ ဗိုလ်အောင်ကျော်ခန်းမ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိလာပြီး ရှင်းလင်းဆောင်၍ ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာတွင် ရပ်မိရပ်ဖများဖြစ်ကြသောဦးစိုးစိုးနှင့် ဦးသောင်းရွှေတို့က ခန်းမတည်ဆောက်နေမှု၊ ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးပြီး ခန်းမ တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။

ထူးကြီး အထက

ဗဟိုအလုပ်အမှုဆောင်သည် ဇူလိုင် ၁၇ရက် မွန်းလွဲပိုင်းတွင်ထူးကြီးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး Multi Media ခန်း၊ Language Lab ခန်းများကို လှည့်လည်ကြည့်ရှုရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြသွင်က လိုက်လံရှင်းလင်းပြသသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် (င)ရပ်ကွက်ရှိ ဆောက်လုပ်ဆဲ မူလတန်းကျောင်းသို့ ရောက်ရှိပြီး ဆောက်လုပ်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ကျောင်းခန်းမတွင် ကျောင်းအုပ်ကြီး ဦးချစ်ဝင်းက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဗဟိုအလုပ်အမှုဆောင်က လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ဗဟိုအလုပ်အမှုဆောင်သည် ဇူလိုင် ၁၈ရက် နံနက်ပိုင်းတွင် အင်္ဂပူမြို့နယ် ကွင်းကောက်ကျေးရွာ နန်ကသူချောင်းကူး မြို့မတံတားဖွင့်ပွဲသို့ တက်ရောက်သည်။ ဖွင့်ပွဲတွင် ဒေသခံတပ်နယ်မှ ဗိုလ်မှူးကြီးဘိုနီက တံတားပြန်လည်တည်ဆောက်ခဲ့မှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင်က ကျေးရွာဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်မှ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများအား ရှင်းလင်းပြောကြားသည်။ ယင်းနောက် ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ဖွင့်ပွဲကို တံတားထိပ်တွင်ပြုလုပ်ရာ ဗိုလ်မှူးကြီးဘိုနီ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းအေး၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးမြတ်စိုးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီးနောက် ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည် တံတားသစ်ကို ကြည့်ရှုစစ်ဆေးကြသည်။ အဆိုပါတံတားသည် နန်ကသူချောင်းကို ဖြတ်သန်း၍ ကွင်းကောက်ကျေးရွာ တောင်နှင့်မြောက် ဆက်သွယ်သည့်တံတားဖြစ်ပြီး အလျားပေ ၃၀၀၊ အနံ ၁၂ပေရှိပြီး တန် ၃၀ အလေးချိန်ရှိယာဉ်များ အသုံးပြုနိုင်မည့်တံတားဖြစ်သည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် ကွင်းကောက်ကျေးရွာရှိ သတင်းနှင့်ဆက်သွယ်ရေး နည်းပညာစခန်းသို့ ရောက်ရှိပြီးအင်တာနက်ကြည့်ရှုလေ့လာနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ ဟင်္သာတမြို့နယ် သဖန်းချိုကျေးရွာရှိ မူလတန်းကျောင်းအား ပြန်လည်ပြုပြင်နိုင်မည့် အခြေအနေများကို လည်းကောင်း ဝင်ရောက်ကြည့်ရှုသည်။

ဗဟိုအလုပ်အမှုဆောင်သည် မွန်းလွဲပိုင်းတွင် ဟင်္သာတမြို့ရှိ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး ခရိုင်နှင့်မြို့နယ်အသင်းများမှ အသင်းအတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် တွေ့ဆုံ၍ အသင်း၏ လုပ်ငန်းစဉ်များ ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်သွားရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး တင်ပြချက်များကို ဖြည့်ဆည်းပေးသည်။

(သတင်းစဉ်)

➪ ဖြူးချောင်းမှ

ယင်းနောက် ဝန်ကြီးက တင်ပြချက်များအပေါ် စီမံကိန်းလုပ်ငန်းများ သတ်မှတ်ချိန်ပြီးစီးအောင် ဆောင်ရွက်ရေး၊ရေအားလျှပ်စစ်ဆိုင်ရာ ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်ဟန်ချက်ညီညီ ပူးပေါင်း ညှိနှိုင်းဆောင်ရွက်ရေး ကိစ္စများကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ရှုရပ်မှ စီမံကိန်းလုပ်ငန်းများတည်ဆောက်နေမှုကိုလည်းကောင်း၊ ဖြူးချောင်းတစ်ဖက်ကမ်း၌ လုပ်ငန်းဆောင်ရွက်နေသည့် ရေလွှဲဥမင်အဝင်ပိုင်းလုပ်ငန်းပြီးစီးနေမှုနှင့် စက်အား၊လူအားဖြင့် ဆက်လက်တူးဖော်နေမှု လုပ်ငန်းများကို လည်းကောင်း၊ ရေအားလျှပ်စစ်ဦးစီးဌာန က တည်ဆောက်နေသည့် ရေယူအဆောက်အအုံကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသည် ဧက ၁၀၀၀၀၀သို့ ဆည်ရေပေးဝေနိုင်ပြီး နှစ်စဉ် ပျမ်းမျှရေအားလျှပ်စစ် ဓာတ်အား၁၂ကီလိုဝပ် နာရီသန်း ထုတ်ယူရရှိမည့်စီမံကိန်း ဖြစ်ကြောင်းသိရှိရသည်။

ယင်းနောက် ဝန်ကြီးသည် ညောင်လေးပင်မြို့နယ် စမ်းကလေးကျေးရွာ အဝင် ဧက ၁၀၀၀စံပြကွက်၌ တိုင်းစိုက်ပျိုးရေးညှိနှိုင်းမှု ကော်မတီဝင်များ၊ တောင်သူလယ်သမားများ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း နည်းပညာပေး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ စပါး ပန်းတိုင် အထွက်နှုန်း ရရှိရေး၊ တစ်ဧကစိုက်ပျိုးမှု ကုန်ကျစရိတ်လျော့နည်းသက်သာရေး၊ စက်ကိရိယာ အသုံးပြုရေးကိစ္စများ ဆွေးနွေးမှာကြားပြီး စပါးမျိုးနှင့် မျိုးသက်၊ ကောက်ကွက်၊ မြေသြဇာစနစ်တကျ အသုံးပြုစိုက်ကွက်များကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ဟိုတယ်ခရီးဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ရန်ကုန်မြို့တွင်းရှိ ဟိုတယ်များ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၉

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည်ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့်တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့တွင် ရန်ကုန်မြို့တွင်းရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ရာနှုန်းပြည့်ဆောင်ရွက်လျက်ရှိသော ဟိုတယ်များကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့်အဖွဲ့သည် တာမွေမြို့နယ် နတ်မောက်လမ်းရှိ Hotel Nikko Royal Lake Yangon ဟိုတယ်သို့ ရောက်ရှိကြရာ အထွေထွေမန်နေဂျာ Mr. Takashi M. Kondo နှင့် တာဝန်ရှိသူများက အိပ်ခန်းများနှင့် အစည်းအဝေးခန်းမတို့ကို လိုက်လံရှင်းလင်းပြသကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံမြို့နယ် အလုံလမ်းရှိ Summit Parkview Yangon ဟိုတယ်သို့ ရောက်ရှိကြရာ အထွေထွေမန်နေဂျာ Mr. Alex Wang နှင့် တာဝန်ရှိသူများက အိပ်ခန်းများ၊ စားသောက်ခန်းမ၊ အမှတ်တရပစ္စည်း အရောင်းဆိုင်၊ အားကစားရုံနှင့် ရေကူးကန်တို့ကို လိုက်လံရှင်းလင်း ပြသကြသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်လျက်ရှိသော မြို့တော်ဂေါက်ကွင်းအနီးရှိ Gold Hill Garden ဟိုတယ်ကို လည်းကောင်း၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်အနီးရှိ Seasons of Yangon ဟိုတယ်နှင့် လေဆိပ်စားသောက်ဆိုင် ပြုပြင်မွမ်းမံဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

ဆုချီးမြှင့်

တာမွေမြို့နယ် အမက(၈) ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ပညာရည်ချွန် ဆုပေးပွဲကို ဇူလိုင်၈ရက်က ကျင်းပရာ တတိယတန်း (ဂ)မှ ပထမရရှိသူ မချောနန္ဒာမြင့်အား ဆုချီးမြှင့်စဉ်။

(က-ပ)

မြတ်စွာဗုဒ္ဓ ကျေးဇူးကြောင့်

* မကောင်းအမှု၊ ရှေးရှုမနော
မတွေးတောဘဲ၊ မပြော မလုပ်
ထိန်းချုပ်သတိ၊ အမြဲရှိကြ
လမ်းညွှန်ပြသည့်၊ ဗုဒ္ဓရှင်တော်
သက်တော်ထင်ရှား၊ ရှိအလားသို့
ဝပ်တွားကော်ရော်၊ မှန်းရည်မျှော်လျက်
ပူဇော်သက္ကာ၊ ပြုလိုက်ပါ၏ .....။

* ကောင်းမှုဟူသမျှ၊ ကြံတွေးကြလျက်
ပြောကြ လုပ်ကြ၊ ပြုမူကြဟု
ဟောပြညွှန်ကြား၊ ဘုရားမြတ်စွာ
မြတ်ဗုဒ္ဓါကို၊ သဒ္ဓါအတိ
သက်ရှိထင်ရှား၊ ရှိအလားသို့
ဝပ်တွားကော်ရော်၊ မှန်းရည်မျှော်လျက်
ပူဇော်သက္ကာ၊ ပြုလိုက်ပါ၏ .....။

* သန့်စင်ဖြူဖွေး၊ စိတ်ကိုမွေး၍
အရေးကိစ္စ၊ ဆောင်ရွက်ကြဟု
ဟောပြလမ်းညွှန်၊ အမွန်ဗောဓိ
တုမရှိကို၊ သက်ရှိထင်ရှား
ရှိအလားသို့၊ ဝပ်တွားကော်ရော်
မှန်းရည်မျှော်လျက်
ပူဇော်သက္ကာ၊ ပြုလိုက်ပါ၏ .....။

* ဗုဒ္ဓဟောညွှန်၊ အမွန်တရား
ထိုသုံးပါးသည်၊ ဒို့များမြန်မာ
မွေးရာပါနှယ်၊ အမြစ်တွယ်လျက်
လူ့နယ်လောကီ၊ ထွေလီများပြား
ကိစ္စများကို၊ ကျော်လွှားနိုင်ရေး
အားဆေးပမာ၊ ရှိနေပါသည်
မြတ်စွာဗုဒ္ဓ ကျေးဇူးကြောင့် .....။

ရှုန်းမြအောင်

(၁၃၆၇ ခုနှစ်၊ ဝါဆိုလပြည့်နေ့တွင် ဗုဒ္ဓဘုရားရှင်အား ဤကဗျာဖြင့် ပူဇော်ပါသည်။)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အင်းယားလမ်း၊အမှတ် ၇၄(စီ)နေ ဒေါက်တာထွင့်ကျော်ဝင်း (MRCP) ၏ မွေးနေ့မင်္ဂလာ အထိမ်းအမှတ်အဖြစ် ဒေါက်တာကျော်ဝင်း-ဒေါ်ကြည်ကြည်မိသားစုတို့က ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်နှင့်အုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးကြီးတင်သိန်းလွင်(ငြိမ်း)ထံပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ဝါဆိုသင်္ကန်းဆက်ကပ်၊ ဆေးခန်းအတွက်ငွေလှူ

ရန်ကုန် ဇူလိုင် ၁၉

ရန်ကင်းမြို့နယ် (၁၅)ရပ်ကွက် အခြေခံပညာ အလယ်တန်းကျောင်း အမှတ်(၄) ဆရာ၊ ဆရာမ၊ ကျောင်းသူ၊ ကျောင်းသားများ စုပေါင်း၍ ဝါဆိုသင်္ကန်းဆက်ကပ်ခြင်း၊ ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းအတွက် အလှူငွေကျပ်တစ်သိန်း လှူဒါန်းခြင်းနှင့် (၁၆)ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း အမှတ်(၉) ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများစုပေါင်း၍ ရန်ကင်း၊ ပြည်သာယာ ရွှေပြည်ဟိန်းကျောင်းဆရာတော် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တခေမာသိရီလင်္ကာရအမှူးပြုသော သံဃာတော်များအားဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းကို ဇူလိုင် ၁၈ ရက်က ကျင်းပကြသည်။ (က-ပ)

၂၀၀၅ခုနှစ်(၅၈)နှစ်မြောက်အာဇာနည်နေ့အခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်း၏ ဂူဗိမာန်၌ သားကြီးဖြစ်သူ ဦးအောင်ဆန်းဦးကိုယ်စား ဦးနန်းနွယ်က လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။ (ကြေးမုံ)



၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် သခင်မြ၏ ဂူဗိမာန်၌ မိသားစုက လွမ်းသူ့ပန်းခွေချ ကန်တော့ကြစဉ်။ (ကြေးမုံ)

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် ဦးဘချို၏ ဂူဗိမာန်၌ မိသားစုက လွမ်းသူ့ပန်းခွေချ ကန်တော့ကြစဉ်။ (ကြေးမုံ)

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် မိုင်းပွန်စော်ဘွား၏ ဂူဗိမာန်၌ မိသားစုက လွမ်းသူ့ပန်းခွေချ ကန်တော့ကြစဉ်။ (ကြေးမုံ)

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် မန်းဘခိုင်၏ဂူဗိမာန်၌ မိသားစုက လွမ်းသူ့ပန်းခွေချစဉ်။ (ကြေးမုံ)

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် မန်းဘခိုင်၏ ဂူဗိမာန်၌ မိသားစုက လွမ်းသူ့ပန်းခွေချ ကန်တော့ကြစဉ်။ (ကြေးမုံ)

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် ဦးအုန်းမောင်၏ ဂူဗိမာန်၌ မိသားစုက လွမ်းသူ့ပန်းခွေချ ကန်တော့ကြစဉ်။ (ကြေးမုံ)

၂၀၀၅ခုနှစ်(၅၈)နှစ်မြောက်အာဇာနည်နေ့အခမ်းအနားတွင် ရဲဘော်ကိုထွေး၏ ဂူဗိမာန်၌ မိသားစုက လွမ်းသူ့ပန်းခွေချအလေးပြုစဉ်။ (ကြေးမုံ)

☆ (၅၈)နှစ်မြောက်မှ

ကျင်းပရေး အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင်က အာဇာနည်ဗိမာန်ရင်ပြင်ပေါ်သို့ ကြိုဆိုလာသည်။

ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့်အတူ တရားသူကြီးချုပ် ဦးအောင်တိုး၊ ရှေ့နေချုပ်ဦးအေးမောင်၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်တို့သည် ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်ရှေ့၌ နေရာယူကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများအားလုံးက ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံကို အလေးပြုကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌကိုယ်စား ၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် အာဇာနည်နေ့ ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့်အတူ တရားသူကြီးချုပ် ဦးအောင်တိုး၊ ရှေ့နေချုပ်ဦးအေးမောင်၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်တို့က ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်အသီးသီး၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

ယင်းအချိန်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို တိုင်ဝက်သို့ လျှော့ချလွှင့်ထူကာ တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့ဝင်များက သေနတ်မြေစိုက် ဦးခိုက်အလေးပြုခြင်း၊ သေနတ်မြှောက်အလေးပြုခြင်း၊ ဘင်ခရာအဖွဲ့က ကျဆုံးရဲဘော် အလေးပြုခရာမှုတ်ခြင်းများ ပြုလုပ်ကြသည်။

တစ်ဆက်တည်းမှာပင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ မေတ္တာပို့ အမျှပေးဝေကြပြီး နှစ်မိနစ်ငြိမ်သက်စွာ နေကြသည်။

ထို့နောက် ၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် အာဇာနည်နေ့ ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ရှေ့နေချုပ်ဦးအေးမောင်၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင်တို့သည် အာဇာနည်ဗိမာန်မှ ပြန်လည်ထွက်ခွာသွားကြသည်။

ယင်းနောက် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုများသည် ဂူဗိမာန်များ၌ လွမ်းသူ့ပန်းခွေချကြရာ ရှေးဦးစွာ ဗိုလ်ချုပ်အောင်ဆန်း၏ ဂူဗိမာန်၌ သားကြီးဖြစ်သူ ဦးအောင်ဆန်းဦးကိုယ်စား ဦးနန်းနွယ်က လွမ်းသူ့ပန်းခွေချ၍ အလေးပြုကန်တော့ပြီး မေတ္တာပို့ အမျှပေးဝေသည်။

ဆက်လက်၍ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုများက အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်အသီးသီးတို့၌ လွမ်းသူ့ပန်းခွေချ အလေးပြုကန်တော့ကြပြီး မေတ္တာပို့ အမျှပေးဝေကြသည်။

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့မှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချစဉ်။
(ကြေးမုံ)

ယင်းနောက် ရန်ကုန်မြို့ရှိ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ ခေါင်းဆောင်နာယက၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Li Jinjun ဦးဆောင်သော နိုင်ငံခြားသံရုံးအသီးသီးမှ သံတမန်များနှင့် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် အ…
မိသားစုက လွမ်းသူ့ပန်းခွေချ ကန်…

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် …
ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ …
ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr…
အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိ…
ကြစဉ်။

ယင်းနောက် ရန်ကုန်မြို့ရှိ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ ခေတ္တနာယက၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Li Jinjun ဦးဆောင်သော နိုင်ငံခြားသံရုံးအသီးသီးမှ သံတမန်များနှင့် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန် အသီးသီးတို့၌ လွှမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံးမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံးမှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်အသီးသီးတို့၌ လွှမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

၂၀၀၅ ခုနှစ် (၅၈) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် ဖခင်ဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်း၏ ဂူဗိမာန်၌ လွှမ်းသူ့ပန်းခွေချ အလေးပြုကန်တော့နိုင်ရန်အတွက် ဒေါ်အောင်ဆန်းစုကြည်အား သက်ဆိုင်ရာ တာဝန်ရှိသူများက နှစ်စဉ်နှစ်တိုင်းကဲ့သို့ပင် ဆက်သွယ်စီစဉ်ခဲ့ရာ ၎င်းက တက်ရောက်လိုမှုမရှိကြောင်း ပြောကြားခဲ့ပြီး တက်ရောက်ခြင်းမပြုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် ဦးဘဝင်း၏ဂူဗိမာန်၌ မိသားစုက လွှမ်းသူ့ပန်းခွေချ ကန်တော့စဉ်။ (သတင်းစဉ်)

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် ဦးရာဇတ်၏ဂူဗိမာန်၌ မိသားစုက လွှမ်းသူ့ပန်းခွေချ အလေးပြုကြစဉ်။ (ကြေးမုံ)

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် အာဇာနည်နေ့ ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ရှေ့နေချုပ်ဦးအေးမောင်၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်တို့က ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွှမ်းသူ့ပန်းခွေချကြစဉ်။ (သတင်းစဉ်)



၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ခေတ္တသံတမန်အဖွဲ့နာယက၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Li Jinjun နှင့် သံတမန်များက အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွှမ်းသူ့ပန်းခွေချ အလေးပြုကြစဉ်။ (သတင်းစဉ်)

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကုလသမဂ္ဂအဖွဲ့အစည်းများမှ လွှမ်းသူ့ပန်းခွေချ အလေးပြုကြစဉ်။ (သတင်းစဉ်)

ပန်းပညာရှင်များ

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံးမှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ အာဇာနည် ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွှမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)

စာပေနှင့် စာနယ်ဇင်း

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့မှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ အာဇာနည် ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွှမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၀-၇-၂၀၀၅ (ဗုဒ္ဓဟူးနေ့)
၁၃၆၇ခုနှစ်၊ ဝါဆိုလပြည့် (ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ **တိပိဋကဓရ၊ဓမ္မဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(အဖွဲ့ဝင်)၊မန္တလေးတိုင်း၊ မဟာအောင်မြေမြို့နယ်၊မဟာဝိသုဒ္ဓါရုံတိုက်သစ်၊သူဌေးတန်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ မာနိတသိရိ ဘိဝံသ ဟောကြားတော်မူအပ်သော "ဓမ္မစကြာ အခါတော်နေ့" တရားတော်
၈:၂၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၂၅ ၆။ ဝါဆိုလကဗျာ
၈:၃၀ ၇။ International News.
၈:၄၅ ၈။ Islands of Dhamma
၈:၅၀ ၉။ **ဘဒ္ဒန္တ ကုမာရ(အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) ဥက္ကဋ္ဌဆရာတော်၊နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မဟာဝိသုတာရာမတိုက်သစ်၊ မကွေးမြို့၊မကွေးတိုင်းထံမှ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း**
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချိုတေး၊ စစ်သည်တေး
၄:၀၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၂၀ ၃။ ရန်ကုန်တိုင်း၊အမှတ်(၃) အခြေခံပညာဦးစီးဌာန၊ ဆဋ္ဌမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (ပထမဆု) (အထက ၄၊တာမွေ) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
၄:၄၅ ၄။ **အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)**
၅:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၅:၀၅ ၆။ သီချင်းကြီးပဒေသာ
၅:၁၅ ၇။ ဝါဆိုလဘွဲ့တေးများ
၅:၂၅ ၈။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅:၃၀ ၉။ မြန်မာ့ရိုးရာလက်ဝှေ့ပွဲ
၆:၀၀ ၁၀။ သုတစုံလင်ရွှေဉာဏ်ရှင်
၆:၃၀ ၁၁။ ညနေခင်းသတင်း
၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၃။ **မဟာဝံသမြတ်ဗုဒ္ဓ (ဒုတိယပိုင်း) (မြတ်ဘုရားရှင်၏ဝါဆိုစဉ်) (ဣန္ဒာဆွေ စီစဉ် ရေးဖွဲ့ပူဇော်သည်)**
၇:၂၅ ၁၄။ **သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ ဓမ္မစကြာတရားတော်**
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ မြတ်ဗုဒ္ဓ၏မဟာဗုဒ္ဓဝင်
၁၉။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု အောင်မြင် ဝန်ကြီး ဒေါက်တာကျော်မြင့် ကြည့်ရှုအားပေး

ရန်ကုန် ဇူလိုင် ၁၉

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက် ၁၁နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီး၌ (၁၁)ကြိမ်မြောက် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှု တတိယအတွဲကို သွားရောက်ကြည့်ရှုအားပေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီး ခွဲစိတ်မှုဌာနရှိ အစည်းအဝေး ခန်းမ (၁)၌ (၁၁)ကြိမ်မြောက် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှု တတိယအတွဲ ခွဲစိတ်နေခြင်း တိုက်ရိုက်ထုတ်လွှင့်ပြသမှုကို ကြည့်ရှုအားပေးရာ ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှု ဆေးကုသရေးအဖွဲ့ ခေါင်းဆောင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ပိုင်စိုးက ကျောက်ကပ်ဝေဒနာရှင် ဒေါ်ခင်မြင့် အသက်(၄၅)နှစ်အား ညီမဖြစ်သူ ဒေါ်မြင့်မြင့်ဝင်း အသက် (၃၈)နှစ်၏ ကျောက်ကပ်ဖြင့် အစားထိုးခွဲစိတ်ကုသပေးမှု အဆင့်ဆင့်အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယနေ့ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုသည် (၁၁)ကြိမ်မြောက် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသပေးမှု တတိယနေ့ဖြစ်ပြီး ကျောက်ကပ်အလှူရှင် ညီမဖြစ်သူ ဒေါ်မြင့်မြင့်ဝင်း အသက်(၃၈)နှစ်ထံမှ နံနက် ၁၀နာရီ ၁၅မိနစ်မှစတင် ခွဲစိတ်ထုတ်ယူရာ နံနက် ၁၁နာရီခွဲတွင် အောင်မြင်စွာ ထုတ်ယူရရှိသည်။

ဝန်ကြီးနှင့်အဖွဲ့သည် (၁၁)ကြိမ်မြောက် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသပေးနေသည့် ဒေါ်ခင်မြင့် အသက်(၄၅)နှစ်အား ခွဲစိတ်ကုသမှုကို သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယနေ့ ကျောက်ကပ်ခွဲစိတ်ကုသမှု ခံယူသူ ဒေါ်ခင်မြင့်အား နံနက် ၁၁ နာရီခွဲတွင် စတင်ခွဲစိတ်၍ နံနက် ၁၁နာရီ မိနစ် ၅၀တွင် ကျောက်ကပ်ကိုအစားထိုးထည့်သွင်း တပ်ဆင်ပေးခဲ့ရာ မွန်းလွဲ ၁နာရီခွဲတွင် အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့သည်။

ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှု အောင်မြင်ရေးအတွက် ဆေးကုသမှုအဖွဲ့အား ဆေးသုတေသန ဦးစီးဌာန(အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ပိုင်စိုးကလည်းကောင်း၊ မေ့ဆေးအဖွဲ့အား ပါမောက္ခ ဒေါက်တာ တင်မြင့်ကလည်းကောင်း၊ ခွဲစိတ်ကုသမှုအဖွဲ့အား ပါမောက္ခ ဒေါက်တာ သန်းအေးကလည်းကောင်း အသီးသီး ဦးဆောင်တာဝန်ယူ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်သည်။

(၁၁)ကြိမ်မြောက် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုလုပ်ငန်း အောင်မြင်ရေးအတွက် ကျန်းမာရေး ဝန်ကြီးဌာန ကျန်းမာရေး ဦးစီးဌာန၏ ညွှန်ကြားမှု၊ ပံ့ပိုးမှုနှင့် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်လှကြင်၏ စီစဉ်ဆောင်ရွက်ပေးမှု၊ ဆရာဝန်များနှင့် သူနာပြုများ၏ ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် အောင်မြင်မှု ရရှိခြင်းဖြစ်သည်။

ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှု ခံယူခဲ့သောသူများ၏ ကျန်းမာရေးအခြေအနေမှာ တိုးတက်ကောင်းမွန်လျက် ရှိသည်။ (သတင်းစဉ်)

ဘက်စုံပြုပြင်မှုအတွက် ဆက်သွယ်လှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၁၉

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သွားတော်ခေတ်နှင့် ဆံတော်ရှင် သမိုင်းဝင် ကျိုက်သလ္လံ စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်းအပြင် ဘက်စုံပြုပြင်တည်ဆောက်မှုလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိသည်။ တည်ဆောက်မှု လုပ်ငန်းများအတွက် ပါဝင် လှူဒါန်းလိုသူများသည် ကျိုက်သလ္လံစေတီတော်မြတ်ကြီး၏ ဖုန်း-၀၅၇-၂၁၃၃၄၊ မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အောင် ဖုန်း-၀၅၇-၂၄၈၇၈နှင့် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း ဖုန်း-၀၅၇-၂၃၀၀၄တို့ထံ ဆက်သွယ်လှူဒါန်းနိုင်သည်။ (၃၀၇)



ဇူလိုင် ၁၉ရက်က ၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် ရန်ကုန်မြို့ရှိ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှသံတမန်များက အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချပြီး အလေးပြုကြစဉ်။ (အပေါ်ပုံများနှင့် အောက်ပုံများ) (သတင်း-ကျော်ဖုန်း) (သတင်းစဉ်)





MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၂၀-၇-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	ထေရဝါဒဓမ္မရတနာမြေ
၇း၃၅	တေးဂီတအစီအစဉ်
၇း၄၀	သွားသွားလာလာ ကိုပါရာ (ရွှေနန်းတော်သို့သွားရောက်လေ့လာခြင်း)
၈း၀၀	ပြည်တွင်းသတင်း အကျဉ်း
၈း၀၅	တေးဂီတအစီအစဉ်
၈း၁၀	ကိုင်းကူးကိုင်းဆက်
၈း၂၀	နိုင်ငံတကာသတင်း အကျဉ်း
၈း၂၅	သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ "မေတ္တာတရား" တရားတော်
၉း၀၅	တေးဂီတအစီအစဉ်
၉း၁၀	သိပ္ပံအကြောင်း သိကောင်းစရာ (ဆေးရွက်ကြီး အန္တရာယ်-သိပ္ပံမှူးတင်)
၉း၅၀	ပြည်တွင်းသတင်း အကျဉ်း
၉း၅၅	စစ်ကိုင်းဂုဏ်တင် ဆွမ်းဦးပုညရှင်
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀	ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စပါးခွံဓာတ်ငွေ့သုံးစက်
၁၀း၂၀	နိုင်ငံတကာသတင်း အကျဉ်း
၁၀း၂၅	လယ်ယာထွန်စက်
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	ကြံမှသကြား ပြည့်စီးပွား
၁၀း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၄)နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ(၄)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် ထီးဆောင်းကျေးရွာ၌ ဝါဆိုလပြည့်နေ့ကို ဂုဏ်ပြုပူဇော်ခြင်း အထိမ်းအမှတ်ကျင်းပ

ရန်ကုန် ဇူလိုင် ၁၉

စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် ထီးဆောင်းကျေးရွာ သိမ်ကျောင်းတိုက် ပဓာန နာယက ဆရာတော် လှူမှုထူးချွန်(ပထမဆင့်) (၈၇)ကြိမ်မြောက် သွေးလှူရှင်ဖြစ်တော်မူသော ရွှေထီးဆောင်းဆရာတော် အရှင်အာဒိစ္စာလင်္ကာရဦးဆောင်သည့် ထီးဆောင်းကျေးရွာမှ သွေးလှူရှင် ၅၀၀ကျော်တို့သည် ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)ကို ဂုဏ်ပြုပူဇော်ခြင်း အထိမ်းအမှတ်အဖြစ် (၅၂)ကြိမ်မြောက် ဇီဝိတဒါနစုပေါင်းသွေးလှူဒါန်းပွဲနှင့် ဓမ္မစကြာတရားတော်များ စုပေါင်းရွတ်ဖတ်ပူဇော်ခြင်း၊ ဓမ္မစကြာ အမေးအဖြေများ စုပေါင်းပြုလုပ်ခြင်းအခမ်းအနားများကို ဇူလိုင် ၁၇ရက် နံနက် ၉နာရီတွင် အဆိုပါ ထီးဆောင်းကျေးရွာ သိမ်ကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပသည်။

စုပေါင်းသွေးလှူဒါန်းပွဲ မပြုလုပ်မီ နံနက်၆နာရီတွင် ထီးဆောင်းကျေးရွာသူ၊ ကျေးရွာသားများက သိမ်ကျောင်းတိုက် ပဓာန နာယကဆရာတော် အမှူးပြုသော ဆရာတော် သံဃာတော်များအား ဆွမ်း၊ ခဲဖွယ်ဘောဇဉ်များကို လောင်းလှူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နံနက် ၈နာရီတွင် မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဦးဝင်း ဦးဆောင်သော မန္တလေးအမျိုးသားသွေးလှူဘဏ်တာဝန်ခံ ဆရာဝန် ဒေါက်တာဒေါ်ခင်စိန်ဝင်းနှင့် ဆရာဝန်များ၊ သူနာပြုဆရာမများသည် အမျိုးသား သွေးလှူဘဏ် နယ်လှည့်သွေးဖောက်ယာဉ်ဖြင့် ရောက်ရှိကြပြီး လှူမှုထူးချွန်(ပထမဆင့်) (၈၇)ကြိမ်မြောက်သွေးလှူရှင် ရွှေထီးဆောင်းဆရာတော် အရှင်အာဒိစ္စာလင်္ကာရ အမှူးပြုသော ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ မင်္ဂလာအချိန်ဖြစ်သည့် နံနက် ၉နာရီတွင် လှူမှုထူးချွန် (ပထမဆင့်) (၈၇)ကြိမ်မြောက် သွေးလှူရှင် ထီးဆောင်းကျေးရွာ သိမ်ကျောင်းတိုက် ပဓာန နာယကဆရာတော်က သွေးစတင်လှူဒါန်း၍ စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကို ဖွင့်လှစ်လိုက်သည်။

ကြည့်ရှုအားပေး

အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲကို ထီးဆောင်းကျေးရွာ သိမ်ကျောင်းတိုက် ဓမ္မာရုံနှင့် ဝေဠုဝန်ကျောင်းတိုက်တို့၌ နှစ်နေရာခွဲ၍ ကျင်းပရာ ထီးဆောင်းကျေးရွာ တစ်ရွာတည်းမှ သွေးလှူရှင် ၅၀၀ကျော်တို့အား ကျန်းမာရေးဝန်ကြီးဌာန မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဦးဝင်း၊ အမျိုးသားသွေးလှူဘဏ်တာဝန်ခံ ဒေါက်တာဒေါ်ခင်စိန်ဝင်းနှင့် ကျန်းမာရေးအဖွဲ့ဝင်များက ရင်းရင်းနှီးနှီး ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို ကြပ်မတ်ဆောင်ရွက်ပေးကြကာ သွေးလှူရှင်များအား အာဟာရနှင့် ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ကြသည်။

ထို့နောက် လှူမှုထူးချွန်(ပထမဆင့်) (၈၇)ကြိမ်မြောက် သွေးလှူရှင် ဖြစ်တော်မူသော ထီးဆောင်းကျေးရွာ သိမ်ကျောင်းတိုက် ပဓာန နာယက ဆရာတော်က ဆေးရုံအုပ်ကြီး ဒေါက်တာဦးဝင်းထံ သွေးပုလင်းများကို အခမ်းအနားဖြင့် ပေးအပ်လှူဒါန်းပြီး သွေးလှူဘဏ်တာဝန်ခံ ဆရာဝန် ဒေါက်တာဒေါ်ခင်စိန်ဝင်းက ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ဆက်ကပ်သည်။

ဆက်လက်၍ ဆေးရုံအုပ်ကြီးနှင့် အဖွဲ့သည် ထီးဆောင်းကျေးရွာ ဝေဠုဝန်ကျောင်းတိုက်သို့ သွားရောက်၍ ဆရာတော် ဦးကောလပါလ အမှူးပြုသော သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဆေးရုံအုပ်ကြီးနှင့် အဖွဲ့သည် အဆိုပါကျောင်းဝင်းအတွင်း၌ သွေးလှူနေကြသော သွေးလှူရှင်များအား လိုက်လံကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို ကြပ်မတ်ဆောင်ရွက်ပေးကြသည်။

စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပနေစဉ် စစ်ကိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိုးနိုင်၊ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဝင်းတင်နှင့်အဖွဲ့ဝင်များ ရောက်ရှိကြပြီး သွေးလှူရှင်များအား လိုက်လံနှုတ်ဆက်အားပေးကြသည်။

ရွတ်ဆိုပူဇော်

အခမ်းအနား အကြိုနေ့ဖြစ်သည့် ဇူလိုင် ၁၆ရက် မွန်းလွဲ ၂နာရီတွင် ထီးဆောင်းကျေးရွာ သိမ်ကျောင်းတိုက် ဓမ္မာရုံ၌ သွေးလှူရှင် ထီးဆောင်း ဓမ္မစကြာဝတ်ရွတ်အဖွဲ့က ဓမ္မစကြာ အခါတော်နေ့ကို ဂုဏ်ပြုသည့်အနေဖြင့် ဓမ္မစကြာ ဗုဒ္ဓဒေသနာတော် ဝတ်ရွတ်စဉ်များကို ရွတ်ဆိုပူဇော်ကြပြီး ဓမ္မစကြာ အမေးအဖြေတို့ဖြင့် ပူဇော်ကြသည်။

(သတင်းစဉ်)

အမှတ်(၂၁) ဗိုလ်ရာညွန့်လမ်း ဒဂုံမြို့နယ်နေ ဒေါ်စန်းစန်းအုန်း မိသားစုက အလှူငွေကျပ် တစ်သိန်းကို ဖြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂) ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ လှူဒါန်းရာ မော်တော်ယာဉ်ခေါင်းဆောင် ဦးအောင်ကြွယ်စိုး လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (ကြေးမုံ)

ပဋ္ဌာန်စ္စသမုပ္ပာဒ် အထူးသင်တန်း

ရန်ကုန် ဇူလိုင် ၁၉

ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ကမ္ဘာ့ဌာနာစရိယ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီး ဘုရားကြီးတိုက် မဏိရတနာကျောင်း ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတ (ဒွိပိဋကဓရ) အရှင်မြတ်၏ ပဋ္ဌိစ္စသမုပ္ပာဒ် အထူးသင်တန်းများကို ဇူလိုင် ၂၅ရက် မွန်းလွဲ ၁နာရီတွင် စတင် ဟောပြောပို့ချမည်ဖြစ်သည်။ သင်တန်းတက်ရောက်မည့် သံဃာတော်များနှင့် လူပုဂ္ဂိုလ်များသည် ဖုန်း-၅၄၆၀၂၅ သို့ ဆက်သွယ်ရန် နှိုးဆော်ထားသည်။

(က-ပ)

အထက(၁)လမ်းမတော်(စိန့်ဂျွန်း) ကျောင်းသားဟောင်းများ၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၉ရက်က အလုံမြို့နယ် ဗဟိုလမ်းရှိ အသင်းတိုက်၌ကျင်းပရာ သံဃာတော်များအား အမှုဆောင် ဦးတင်ထွန်းနှင့် ကျောင်းသားဟောင်းများ ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)

စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် ထီးဆောင်းကျေးရွာ သိမ်ကျောင်းတိုက် ပဓာနနာယကဆရာတော် လှူမှုထူးချွန်(ပထမဆင့်) (၈၇)ကြိမ်မြောက် သွေးလှူရှင် ရွှေထီးဆောင်းဆရာတော် အရှင်အာဒိစ္စာလင်္ကာရ မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဦးဝင်းနှင့်အဖွဲ့ ထီးဆောင်းကျေးရွာ သိမ်ကျောင်းတိုက်ဓမ္မာရုံ၌ သွေးလှူနေကြသော သွေးလှူရှင်များအား ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

အထက်မင်းလှအသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၉

အထက်မင်းလှမြို့နယ်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင် ၃၁ရက်(တနင်္ဂနွေနေ့)နံနက် ၈နာရီတွင် မင်းလှဓမ္မရိပ်သာကျောင်း(ဗဟန်းဈေးအနီး)၌ ကျင်းပမည်ဖြစ်သည်။

အသင်းသူ၊ အသင်းသားများသည် ဇူလိုင် ၂၄ရက် နောက်ဆုံးထား၍ ဦးဘိုမောင် ဖုန်း- ၅၆၂၅၅၂၊ ဦးမျိုးညွန့် ဖုန်း-၅၄၉၁၁၈၊ ဦးလှတင် ဖုန်း-၇၂၆၈၆၆တို့ထံ စာရင်းပေးသွင်းကြရန် နှိုးဆော်ထားသည်။ (က-ပ)

စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ အတွေ့အကြုံရှင်းလင်း၊ ထောက်ပံ့ငွေပေးအပ်

ရန်ကုန် ဇူလိုင် ၁၉

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) အတွေ့အကြုံရှင်းလင်းခြင်းနှင့် ထောက်ပံ့ငွေပေးအပ်ပွဲကို ဇူလိုင် ၁၁ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အတွေ့အကြုံရှင်းလင်းပွဲသို့ မင်္ဂလာဒုံတပ်နယ်မှူး ဗိုလ်မှူးကြီး ဝင်းနောင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် အခြားလူမှုရေးအဖွဲ့အစည်းများ၊ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးမြသန်း (ငြိမ်း)က မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) အတွေ့အကြုံများကို ရှင်းလင်းပြီး မသန်စွမ်းစစ်မှုထမ်းဟောင်း တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀၊ အသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ၈၉ဦးတို့အား ထောက်ပံ့ငွေ ပေးအပ်ခဲ့ကြောင်းသိရသည်။

(မြို့နယ်စစ်မှုထမ်းဟောင်း)

ဆုချီးမြှင့်

အင်းစိန်မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းက ကြီးမှူးကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဇွန် ၂၆ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းလွင်က အထက်တန်းအဆင့် စာစီစာကုံး ဒုတိယဆုရ အထက(၁)မှ နော်အယ်ဆဲရှိုင်းအား ဆုချီးမြှင့်စဉ်။ (၆၁)

အောင်မင်္ဂလာဓမ္မရိပ်သာ တရားစခန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၉

မြောက်ဥက္ကလာပမြို့နယ် ၆/ရပ်ကွက် သန္တာ(၁၇)လမ်း မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ အမှတ်(၄၁၄) အောင်မင်္ဂလာဓမ္မရိပ်သာကျောင်းတိုက်၌ ဝါဆိုလပြည့်ကျော် ၂ရက်မှစ၍ ၈ရက်အထိ ဝါတွင်းတရားစခန်းပွဲကို အောင်မင်္ဂလာဓမ္မရိပ်သာ ဆရာတော် ဘဒ္ဒန္တဥတ္တမ၊ မြို့နယ်သံဃနာယက ဆရာတော်နှင့် အောင်မင်္ဂလာ အရှင်ပဏ္ဍိတ(ကကရံ) ဓမ္မာစရိယတို့က ဟောကြားပြသမည်ဖြစ်သည်။

တရားအားထုတ်လိုသော ယောဂီများသည် ဖုန်း-၆၉၀၄၄၅ သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

မွန်ပြည်နယ် မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၅-၂၀၀၆ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း မြို့တွင်းကတ္တရာလမ်းများ စီမံချက်နှင့်အညီ ခင်းကျင်းဆောင်ရွက်လျက်ရှိရာ မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဖုန်းလွင်၊ လက်ထောက်အင်ဂျင်နီယာ ဦးစိုးနိုင်တို့အဖွဲ့ ဗိုလ်ချုပ်လမ်းမကြီး တစ်ဖက်သုံးပေစီ တိုးချဲ့ကတ္တရာခင်းခြင်းလုပ်ငန်းကို ဇူလိုင် ၁၄ရက်က ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်တောင်ပိုင်းခရိုင် ၂၀၀၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပွဲတော် အခမ်းအနားကို သန်လျင်မြို့နယ် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ကြည့်ရှုအားပေးစဉ်။ (ရန်ကုန်တိုင်း)

ရန်ကုန်တောင်ပိုင်းခရိုင် မိုးရာသီသစ်ပင်စိုက်ပွဲတော် ကျင်းပ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ အမှတ်တရသစ်ပင် စိုက်ပျိုးပေး

ရန်ကုန် ဇူလိုင် ၁၉

ရန်ကုန်တောင်ပိုင်းခရိုင် ၂၀၀၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲတော် အခမ်းအနားကို ယမန်နေ့ နံနက် ၇ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အမှတ်တရသစ်ပင်ကို စိုက်ပျိုးပေးသည်။

အခမ်းအနားသို့ သန်လျင်တပ်နယ်မှူး ဗိုလ်မှူးချုပ်မောင်ဦးလွင်နှင့် တပ်မတော်အရာရှိများ၊ မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ်ပါမောက္ခချုပ် ဦးသိန်းထွန်းနှင့် ဆရာ၊ ဆရာမများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဝင်းနှင့် တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် ရန်ကုန်တောင်ပိုင်းခရိုင်သည် ရန်ကုန်တိုင်းအတွင်းရှိ ခရိုင် လေးခုအနက် တတိယမြောက် သစ်ပင်စိုက်ပွဲတော်ကျင်းပသည့် ခရိုင်တစ်ခုဖြစ်ကြောင်း၊ သစ်ပင်စိုက်ပွဲတော်များကို သစ်တောသစ်ပင်များ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာစေရန်အတွက် လူထုလှုပ်ရှားမှုဖြင့် တပ်လှန့်နှိုးဆော်ရန်၊ ရှေးလူကြီးများက သစ်ပင်များစိုက်ပျိုးခဲ့သကဲ့သို့ မိမိတို့လက်ထက်တွင်လည်း သစ်ပင်များကို နောင်လာနောက်သားများအတွက် ပြုစုပျိုးထောင်ပေးသွားရန်၊ ပရမ်းပတာသစ်ခုတ်မှုများ မပြုလုပ်ဘဲ စနစ်တကျ ထုတ်လုပ်သုံးစွဲ အစားထိုးပြန်လည်စိုက်ပျိုးသွားရန်၊ သစ်တောသယံဇာတ မပျက်စီးအောင် စောင့်ရှောက်ခြင်းဖြင့် ရာသီဥတု မှန်ကန်အောင် ထိန်းသိမ်းရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် နှစ်စဉ် ကျင်းပလျက်ရှိကြောင်း။

ရန်ကုန်မြို့တော်သည် သစ်ပင်များကို ထိန်းသိမ်းထားနိုင်သည့် မြို့တော်များအနက် ထင်ရှားသည့် မြို့တစ်မြို့ဖြစ်ကြောင်း၊ ထို့ကြောင့် သစ်ပင်ပန်းမန်များ စိုက်ပျိုးခြင်းဖြင့် ရန်ကုန်မြို့တော်ကြီးကို ဥယျာဉ်မြို့တော်ကြီးအဖြစ်သာမက ကျန်းမာရေးနှင့် ညီညွတ်သည့် မြို့တော်ကြီးဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ နိုင်ငံနှင့် အဝန်း၌ ရာစုနှစ်ကျော် သက်တမ်းရှိသည့် သစ်ပင်ကြီးများ ဖြစ်ထွန်းထိန်းသိမ်းထားနိုင်ခြင်းအတွက် ဂုဏ်ယူရမည်ဖြစ်ကြောင်း၊ သစ်ပင်သစ်တောများ စိုက်ပျိုးထိန်းသိမ်းခြင်းဖြင့် ရာသီဥတု မှန်ကန်မျှတစေပြီး ရန်ကုန်တိုင်းအတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများနှင့် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်ကဲ့သို့သော ရတနာတန်းဝင်ပင်များ၊ အရိပ်ရ လေကာပင်များ၊ ရော်ဘာ၊ သီဟိုဠ်၊ သစ်ဆိမ့်ကဲ့သို့ နှစ်ရှည်ပင်များ၊ ရာသီသီးနှံပင်များ၊ ပန်းအလှပင်များနှင့် စိမ်းကိန်းဝင်ပင်များကို နေရာလပ်မကျန် စိုက်ပျိုးကြစေလိုကြောင်းနှင့် စိုက်ပျိုးပြီး အပင်များ ရှင်သန်ကြီးထွား၍ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းပြုစု ထိန်းသိမ်းစောင့်ရှောက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဝင်းက နိုင်ငံအဝန်း သစ်ပင်အမျိုးအစား မျိုးစိတ်ပေါင်း ၇၀၅၀ ကျော် စိုက်ပျိုးပေါက်ရောက်လျက်ရှိသည့် အခြေအနေနှင့် သစ်တောဦးစီးဌာနမှ ရန်ကုန်တိုင်းအတွက် ပျိုးပင်ပေါင်း ၁၅သိန်းကျော် ဖြန့်ဝေ၍ မိုးရာသီ သစ်ပင်စိုက်ပွဲတော်များ ကျင်းပလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာကြသူများအား ပျိုးပင်များကို ဝေငှပေးကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူများက သစ်ပင်စိုက်ပွဲတော် အထိမ်းအမှတ်အဖြစ် ခရေပင်များကို အမှတ်တရ စိုက်ပျိုးပေးကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူများသည် သစ်ပင်စိုက်ပွဲတော်အတွင်း ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ၏ တပျော်တပါး သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ယနေ့ ကျင်းပသည့် ရန်ကုန်တောင်ပိုင်းခရိုင် သစ်ပင်စိုက်ပွဲတော်တွင် ရတနာတန်းဝင်ပင်၊ နှစ်ရှည် စားသုံးသီးနှံပင်၊ အရိပ်ရ လေကာပင်နှင့် စိမ်းကိန်းဝင်ပင် စုစုပေါင်း ၅၀၀၀၀ ကျော်ကို တစ်ချိန်တည်း တစ်ပြိုင်တည်း စိုက်ပျိုးကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံသည် အိုင်အိုဒင်းချို့တဲ့မှု ပပျောက်ရေး ပန်းတိုင်နားရောက်ရှိ အိုင်အိုဒင်းစားသုံးမှုနှုန်း မျှော်မှန်းထားသည့် ၉၀ ရာခိုင်နှုန်းရောက်ရန် နီးကပ်

ရန်ကုန် ဇူလိုင် ၁၉

မြန်မာနိုင်ငံ အိုင်အိုဒင်းချို့တဲ့မှု ပပျောက်ရေး ဗဟိုကော်မတီအစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်းရှိ ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားကျန်းမာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံ အိုင်အိုဒင်းချို့တဲ့မှု ပပျောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ အိုင်အိုဒင်းချို့တဲ့မှုပပျောက်ရေး ဗဟိုကော်မတီဝင်များဖြစ်ကြသည့် သတ္တုတွင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် နီးနွယ်သော ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခများနှင့် ဗဟိုကော်မတီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိက အမှာစကား ပြောကြားရာတွင် တစ်နိုင်ငံလုံး အိုင်အိုဒင်းဆားသာ စားသုံးစေသည့်နည်းကို ရေရှည်စီမံချက်ချမှတ်ပြီး ၁၅ နှစ်ခန့် ကြိုးပမ်းအကောင်အထည်ဖော်ခဲ့သည့်အတွက် ယခုဆိုလျှင် မြန်မာနိုင်ငံသည် အိုင်အိုဒင်းချို့တဲ့မှု ပပျောက်ရေး ပန်းတိုင်နားကို ရောက်ရှိနေပြီဖြစ်ကြောင်း၊ ဆီးမှ အိုင်အိုဒင်းစွန့်ထုတ်မှုနှင့် လည်ပင်းကြီးရောဂါဖြစ်ပွားမှုနှုန်းသည် အိုင်အိုဒင်းချို့တဲ့မှု ပပျောက်ပါပြီဟု ပြောနိုင်သော အခြေအနေကို ရောက်ရှိနေပြီဖြစ်သကဲ့သို့ အိုင်အိုဒင်းဆား စားသုံးမှုနှုန်းသည်လည်း မျှော်မှန်းထားသည့် ၉၀ ရာခိုင်နှုန်းကို ရောက်ရန် အလွန် နီးကပ်နေပြီ ဖြစ်ကြောင်း၊ အိုင်အိုဒင်းချို့တဲ့မှု ပပျောက်ရေး ရည်မှန်းချက်ကို ရောက်ပြီးသည့်နောက်တွင် ဤအခြေအနေကိုဆက်လက်ထိန်းသိမ်းသွားရန်၊ တစ်နည်းအားဖြင့် အိုင်အိုဒင်းချို့တဲ့မှုသည် ပြည်သူ့ကျန်းမာရေး ပြဿနာအဖြစ် ပြန်ပြီး ခေါင်းထောင်မလာစေရန် အစီအစဉ်များလည်း ရှိနေပြီဖြစ်ကြောင်း၊ ရည်မှန်းချက်ကို ရောက်ပြီးသည့်နောက်တွင်လည်း သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါ ဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် ပြည်သူတစ်ရပ်လုံး စားသုံးရန် လိုအပ်မည့် အိုင်အိုဒင်းဆား ပမာဏကို အလုံအလောက် ဆက်လက်ထုတ်လုပ်ပေးနိုင်မည့် အစီအစဉ်များ ရှိနေကြောင်းကို သိရကြောင်း၊ ထို့အပြင် ထုတ်လုပ်လိုက်သည့် အိုင်အိုဒင်းဆားများသည် သတ်မှတ်ထားသော စံချိန်စံညွှန်းကို ပြည့်မီနေစေရန် စက်ရုံများ၌ အရည်အသွေးထိန်းသိမ်းသည့် လုပ်ငန်းအစီအစဉ်များကိုစနစ်တကျဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် အဆင်သင့်ဖြစ်နေကြောင်းကို သိရကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနကလည်း အိမ်ထောင်စုအဆင့်တွင် အိုင်အိုဒင်းဆား အရည်အသွေး စောင့်ကြပ် စစ်ဆေးခြင်းလုပ်ငန်း၊ အိုင်အိုဒင်းဆား စားသုံးမှုအခြေအနေလေ့လာခြင်း၊ လည်ပင်းကြီးရောဂါ ဖြစ်ပွားမှုအခြေအနေ လေ့လာခြင်းလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်နေမည်ဖြစ်ကြောင်း၊ ကမ်းရိုးတန်းဒေသများ၌ နေထိုင်ကြသူများအနေဖြင့် အိုင်အိုဒင်းဆားကို ရွေးချယ်စားသုံးတတ်စေရန် ပညာပေးလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနက အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ဆောင်ရွက်နေကြောင်း၊ တစ်ချိန်တည်းမှာပင် ရခိုင်ပြည်နယ်၌ ဆားစက်အရေအတွက်ပိုများလာပြီး တနင်္သာရီတိုင်း၌လည်း အိုင်အိုဒင်းဆား ထုတ်လုပ်ပေးနိုင်သည့် ဆားစက်ရှိနေပြီဆိုသည့် သတင်းများသည် အလွန်ပင် အားရစရာကောင်းလှကြောင်း၊ ၂၀၀၅ ခုနှစ်ကုန်တွင် အိုင်အိုဒင်းချို့တဲ့မှု ပပျောက်ရေး ရည်မှန်းချက်ကို ရောက်ရှိရေး ဦးစားပေးလုပ်ဆောင်သင့်သည့် လုပ်ငန်းများ ရေရှည်ထိန်းသိမ်းနိုင်ရန် စီမံထားရမည့် လုပ်ငန်းများကို ဆွေးနွေးကြမည်ဖြစ်သည့်အတွက် ယနေ့ အစည်းအဝေးသည် အလွန်အရေးကြီးကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အိုင်အိုဒင်းချို့တဲ့မှု ပပျောက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို တင်ပြသည်။

တင်ပြ

ဆက်လက်၍မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထိန်က အိုင်အိုဒင်းဆား ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို တင်ပြသည်။

ထို့နောက် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး (ပြည်သူ့ကျန်းမာ) ဒေါက်တာစံရွှေဝင်းက ၂၀၀၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုစီမံချက်ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများ၏ တင်ပြချက်များကို ဆွေးနွေးကြပြီး အစည်းအဝေးဆုံးဖြတ်ချက်များကို ချမှတ်ကြသည်။ ယင်းနောက် သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားသည်။ (သတင်းစဉ်)

ရွှေပြည်ဟိန်းကျောင်း ဝါတွင်းတရားပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၉

ရန်ကင်း၊ ပြည်သာယာ ရွှေပြည်ဟိန်းကျောင်း၌ ဝါတွင်းသုံးလ စနေနေ့တိုင်း တရားပွဲကို ဇူလိုင် ၂၃ ရက်မှ အောက်တိုဘာ ၁၅ ရက်အထိ ညစဉ် ၇ နာရီမှစတင်၍ ကျင်းပမည်ဖြစ်သည်။

ဇူလိုင် ၂၃ ရက်ညတွင် တိပိဋကဓရ ယောဆရာတော်၊ ဇူလိုင် ၃၀ ရက်ညတွင် ပိဋကတ် တစ်ပုံခွဲဆောင် ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသိရီလင်္ကာရနှင့် ဩဂုတ် ၆ ရက် ညတွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ ဆရာတော်တို့က တရားတော်များ ဟောကြားမည်ဖြစ်၍ ကြွရောက်နာယူနိုင်ကြရန် ဖိတ်ကြားထားသည်။

(က-ပ)

ဗိုလ်တထောင်မြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း ၂၀၀၅-၂၀၀၆ ခု ပညာသင်နှစ် ကျောင်းကောင်စီ ကတိသစ္စာခံယူပွဲ အခမ်းအနားကို ဇူလိုင် ၁၁ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြသိန်းနှင့် ကျောင်းကောင်စီဝင်များ ကတိသစ္စာခံယူကြစဉ်။ (က-ပ)

အထွက်နှုန်းတိုးတက်ရေး စိုက်ပျိုးနည်းစနစ်များ မှန်ကန်စွာအသုံးပြု မြေလွတ်မြေရိုင်းများ ဖော်ထုတ်၍ စိုက်ပျိုးရေးရရှိရေး ကြိုးတင်စီမံ

ရန်ကုန် ဇူလိုင် ၁၉

မွန်ပြည်နယ် စိုက်ပျိုးရေးတိုးတက်မြင့်မားရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၅ ရက် မွန်းလွဲ ၂ နာရီက မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အောင်ဆန်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မွန်ပြည်နယ်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မွန်ပြည်နယ် စိုက်ပျိုးရေးတိုးတက်မြင့်မားရေးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ပြည်နယ်အတွင်း မိုးစပါး လျာထားကေပြည့်မီစွာ စိုက်ပျိုးနိုင်ရေးနှင့် တစ်ဧကသီးနှံအထွက်နှုန်း တိုးတက်ရေးအတွက် စိုက်ပျိုးနည်းစနစ်များမှန်ကန်စွာ အသုံးပြုဆောင်ရွက်ရေး၊ အဓိကသီးနှံ ၁၀မျိုးအဖြစ် အမယ်သစ်သီးနှံများကိုလည်း စီးပွားဖြစ်တိုးချဲ့ စိုက်ပျိုးရေး၊ စက်မှုကုန်ကြမ်းသီးနှံများကိုလည်း ခရိုင်နှင့် မြို့နယ်အလိုက် မြေလွတ်မြေရိုင်းများ ဖော်ထုတ်၍တိုးချဲ့ စိုက်ပျိုးရေး၊ စိုက်ပျိုးရေလုံလောက်စွာ ရရှိရေးအတွက်လည်း ကြိုတင်စီမံ ဆောင်ရွက်ထားရှိရေး၊ တောင်သူများအား စိုက်ပျိုးနည်းပညာများကို တာဝန်ရှိသူများက ကွင်းဆင်းပြသဆောင်ရွက်ကြရေး အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ပြည်နယ်အဆင့်တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်ဥက္ကဋ္ဌများ၊ စိုက်ပျိုးရေး တိုးတက်မြင့်မားရေးအဖွဲ့ဝင်များကဒေသတွင်း စိုက်ပျိုးရေးတိုးတက် မြင့်မားရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို အသီးသီး ရှင်းလင်း တင်ပြကြသည်။

ထို့နောက် ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး စိုးမြင့်အောင်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်း တင်ပြကြရာ တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးက ပြည်နယ်အတွင်း စိုက်ပျိုးရေး ရည်မှန်းချက်များ ပြည့်မီကျော်လွန်ရေးအတွက် တက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မွန်ပြည်နယ် အားကစားနှင့် ကာယပညာကော်မတီမှကြီးမှူး၍ ၂၀၀၅ခုနှစ် ကမ္ဘာ့အိုလံပစ်နေ့ အထိမ်းအမှတ် တာဝေးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင်၁၅ရက်က မော်လမြိုင်မြို့ မွန်ပြည်နယ် ရာမညအားကစားပြိုင်ဝင်းတွင် ကျင်းပရာ တာဝေးပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ မွန်ပြည်နယ်အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ထွဋ်က ပြိုင်ပွဲဆုရအားကစားသမားတစ်ဦးအား ဆုချီးမြှင့်စဉ်။ (မြို့နယ်အား/ကာ)

ကွင်းပိတ် ရှုံး/ထွက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်ကြည့်ရှုအားပေး

ရန်ကုန် ဇူလိုင် ၁၉

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယမန်နေ့ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်း၌ ကျင်းပသော ၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီ ဒုတိယတန်း၊ တတိယတန်း အသင်းပေါင်းစုံ ကွင်းပိတ် ရှုံး/ထွက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ကြည့်ရှုအားပေးကာ ဆုများချီးမြှင့်သည်။

ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် (MAX MYANMAR) နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ဘောလုံးအားကစား ဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ဗိုလ်လုပွဲတွင် တပ်မတော်(လေ) အသင်းနှင့် အား/ကာသိပ္ပံ(ခ)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တပ်မတော်(လေ)အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က ၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီ တတိယတန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲတွင် ဒုတိယဆုရရှိသော လွန်းပျံ အသင်း၊ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီ ဒုတိယတန်းအမှတ်ပေး ဘောလုံးပြိုင်ပွဲတွင် ဒုတိယရရှိသော တပ်မတော်(လေ)အသင်း၊ ၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီ ဒုတိယတန်း၊ တတိယတန်း အသင်းပေါင်းစုံ ကွင်းပိတ်ရှုံး/ထွက်ဘောလုံးပြိုင်ပွဲတွင် ဒုတိယရရှိသော အား/ကာ သိပ္ပံ(ခ) အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်များနှင့် ဆုကြေးငွေများကိုလည်းကောင်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီ ဒုတိယတန်း၊ တတိယတန်း အသင်းပေါင်းစုံ ကွင်းပိတ်ရှုံး/ထွက် ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသော တပ်မတော်(လေ) အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များနှင့် ဆုကြေးငွေများကိုလည်းကောင်း ချီးမြှင့်ကြသည်။

ထို့နောက်ဝန်ကြီးက ၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီ တတိယတန်း အမှတ်ပေးပြိုင်ပွဲတွင် ပထမ ရရှိသော (First Eleven)အသင်းအားလည်းကောင်း၊၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီ ဒုတိယတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသော တံခွန်(ခ) အသင်းအား လည်းကောင်း၊ ၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီ ဒုတိယတန်း၊ တတိယတန်း အသင်းပေါင်းစုံ ကွင်းပိတ် ရှုံး/ထွက် ဘောလုံးပြိုင်ပွဲတွင် ပထမရရှိသော တပ်မတော်(လေ) အသင်းအားလည်းကောင်း ဆုတံဆိပ်၊ ဆုဖလားနှင့် ဆင့်ပွားဆုဖလားများကို ချီးမြှင့်ပေးအပ်လိုက်သည်။(သတင်းစဉ်)

အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၉

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၏ အဋ္ဌမအကြိမ် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ကရင်ဆိပ်စံပြကျေးရွာ အောင်မင်္ဂလာကျောင်းတိုက်၌ကျင်းပရာ ရှေးဦးစွာ အောင်မင်္ဂလာကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တမဏ္ဍလထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် အသင်းအကြံပေးပုဂ္ဂိုလ် အငြိမ်းစားပါမောက္ခ ဒေါ်ရီရီမြင့်၊ ပါမောက္ခ ဒေါ်ခင်အေးဝင်း၊ အသင်းဥက္ကဋ္ဌ သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်မြင့်မြင့် (လူမှုထူးချွန်ပထမဆင့်)၊ အသင်းဒုတိယဥက္ကဋ္ဌ ဒေါ်သက်ရီ၊ အတွင်းရေးမှူး ဒေါ်လုဝတီနှင့် အမှုဆောင်များ၊ အသင်းသူများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို သံဃာတော်များအား ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ကရင်ဆိပ်စံပြကျေးရွာ ကျေးလက်ကျန်းမာရေးဆေးပေးခန်း အဆောက်အအုံအတွက် အသင်းသူများ စုပေါင်းလှူဒါန်းသည့် အလှူငွေကျပ်ရှစ်သိန်းကို ပေးအပ်လှူဒါန်းသည်။ (သတင်းစဉ်)

ဝါဆိုပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၉

ဧရာဝတီတိုင်း ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်၊ ချင်းလယ်ကျေးရွာ အုပ်စု ဂန္ဓမာဒနတောင်တော် ရွှေစေတီ တစ်ထောင် သာသနာ့နယ်မြေ၏ အာဒိကမ္မိက ပဓာန နာယက သာသနာပြုဆရာတော် ဘဒ္ဒန္တ ဝါသိဋ္ဌမဟာထေရ်အား အမှူးထား၍ (၁၀)ကြိမ်မြောက် ဝါဆိုပူဇော်ပွဲကို ဇူလိုင် ၂၀ ရက်တွင် ကျင်းပမည်ဖြစ်သည်။ (က-ပ)

မင်္ဂလာစံကျောင်း ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၁၉

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ်၊ ညောင်ကုန်းကျောင်းတိုက် မင်္ဂလာစံကျောင်း (၁၃)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင်ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမများ၊ အလှူရှင်များ ကြွရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ကွန်ကာကက်ဖ်ရွှေဖလားဘောလုံးပြိုင်ပွဲ ကိုလံဘီယာနှင့်ပနားမားအကြိုဗိုလ်လုပွဲတက်

ကွန်ကာကက်ဖ်ရွှေဖလား ဘောလုံးပြိုင်ပွဲ၏ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်ကို တနင်္ဂနွေနေ့က ဆက်လက်ကျင်းပရာ ကိုလံဘီယာအသင်းနှင့် ပနားမားအသင်းတို့ အသီးသီးအနိုင်ရရှိကာ အကြိုဗိုလ်လုပွဲအဆင့်သို့ တက်လှမ်းနိုင်ပြီဖြစ်သည်။

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဟူစတန်မြို့တွင် တနင်္ဂနွေနေ့က ကိုလံဘီယာအသင်းနှင့် မက္ကဆီကိုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကိုလံဘီယာအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ပွဲချိန် ၅၈ မိနစ်တွင် ကိုလံဘီယာအသင်းမှ ဂျေမီကက်စထရီလွန်က ဂျေရိုပါတီနို ဖြတ်ပို့ပေးလိုက်သော ဘောလုံးမှ တစ်ဆင့် ခေါင်းတိုက်သွင်းယူခဲ့သည်။ သို့ရာတွင် ပွဲချိန် ၆၄ မိနစ်တွင် မက္ကဆီကိုအသင်းမှ ဂွန်စလိုပင်နီဒါက ချေပဂိုး ပြန်လည်သွင်းယူနိုင်ခဲ့သည်။

ယင်းနောက်တွင် ပွဲချိန် ၇၅ မိနစ်၌ ကိုလံဘီယာအသင်းမှ အေဂွီလာက ဂိုးထပ်မံသွင်းယူနိုင်ခဲ့ရာ ရွှေဖလားဆုကို လေးကြိမ်တိုင်တိုင်ရရှိခဲ့သော မက္ကဆီကိုအသင်းမှာ အံ့အားသင့်ခဲ့ရသည်။

ကိုလံဘီယာအသင်းမှ ဝါဆင်လီဘာရေဒို ရန်တာရီးယားသည် ပွဲစတင်ချိန်မှစ၍ မိနစ် ၂၀ ကြာမြင့်သည့် အချိန်အတွင်း နှစ်ကြိမ်တိုင် ဂိုးသွင်းခဲ့သော်လည်း နှစ်ကြိမ်စလုံးကို လူကျွံဘောသတ်မှတ်ခံရသဖြင့် ပွဲကစားချိန် ပထမပိုင်းမှာ နှစ်သင်းစလုံး ဂိုးမရှိသရေကျခဲ့သည်။

ဝါရင့်တိုက်စစ်မှူးဂျာရက်ဘော်ဂတ်တီ မပါဝင်သော မက္ကဆီကိုအသင်းမှာ တိုက်စစ်သာမက ခံစစ်ပါ အားနည်းနေပုံရပြီး ၁၉၉၇ ခုနှစ် နောက်ပိုင်း ရွှေဖလားဘောလုံးပြိုင်ပွဲတွင်မက္ကဆီကို အသင်း ရှုံးနိမ့်ရခြင်းမှာ ပဉ္စမအကြိမ် ဖြစ်သည်။



ပနားမားအသင်းမှလူးဝစ်တေဂျာဒါ၏ ဂိုးသွင်းမှုကို တောင်အာဖရိက ဂိုးသမား ကယ်လ်ဗင်မာလင်(ယာ)က ပိတ်ဆို့ကာကွယ်စဉ်။

(ဓာတ်ပုံ-အင်တာနက်)



ကိုလံဘီယာ အသင်းနှင့်မက္ကဆီကို အသင်းတို့၏ ကွာတားဖိုင်နယ် ပွဲတွင် ကိုလံဘီယာ အသင်း အတွက် အနိုင်ဂိုး သွင်းယူ နိုင်သူ အေဂွီလာ အောင်ပွဲခံနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပနားမား - တောင်အာဖရိက

ဟူစတန်မြို့ရှိ ရီလိုင်းယင့် အားကစားရုံတွင် တနင်္ဂနွေနေ့က ကျင်းပသော ပနားမားနှင့် တောင်အာဖရိကအသင်းတို့၏ ကွာတားဖိုင်နယ်ပွဲတွင် ပုံမှန်ကစားချိန်အတွင်း တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျနေခဲ့သဖြင့် အချိန်ပို ကစားခဲ့ရသည်။ အချိန်ပိုကစားချိန်တွင်လည်း မည်သည့်အသင်းကမျှ ဂိုးသွင်းနိုင်ခြင်းမရှိသဖြင့် ပိုင်နယ်တီအဆုံးအဖြတ်ကိုရယူရာ ပနားမားအသင်းက တောင်အာဖရိကအသင်းကို ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသည်။

ကိုလံဘီယာအသင်းနှင့် ပနားမားအသင်းတို့သည် ကြာသပတေးနေ့တွင် အကြိုဗိုလ်လုပွဲ ကစားကြရမည်ဖြစ်သည်။ ယင်းနေ့တွင်ကျင်းပမည့် အခြား အကြိုဗိုလ်လုပွဲအဖြစ် ဟွန်ဒူးရပ်စ်အသင်းနှင့် အမေရိကန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

အမ်အင်အေးဆင်ဟွာ။

(၅၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကိုယ်စား အာဇာနည်နေ့ ကျင်းပရေးကော်မတီဥက္ကဋ္ဌ လွှမ်းသုပ္ပန်းခွေချ အလေးပြု

ရန်ကုန် ဇူလိုင် ၁၉

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် အာဇာနည်ဗိမာန်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား ၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် အာဇာနည်နေ့ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် တက်ရောက်၍ နိုင်ငံတော်အလံကို အလေးပြုခြင်း၊ ကျဆုံးလေပြီးသော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွှမ်းသူ့ပန်းခွေချခြင်း၊ အလေးပြုခြင်း၊ မေတ္တာပို့အမျှပေးဝေခြင်းများ ပြုလုပ်သည်။

အဆိုပါ အခမ်းအနားသို့ တရားသူကြီးချုပ်ဦးအောင်တိုး၊ ရှေ့နေချုပ်ဦးအေးမောင်၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ (၅၈)နှစ်မြောက် အာဇာနည်နေ့ကျင်းပရေးအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ခွဲ အတွင်းရေးမှူးများ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိကြီးများ၊ ဂုဏ်ပြုတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့တို့မှ အရာရှိကြီးများ တက်ရောက်ကြသည်။

အစီအစဉ်အရ (၅၈)နှစ်မြောက် အာဇာနည်နေ့ ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ကြည်အောင်သည် နံနက် ၇နာရီ ၅၅မိနစ်တွင် အာဇာနည်ဗိမာန်သို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိလာရာ (၅၈)နှစ်မြောက် အာဇာနည်နေ့ **စာမျက်နှာ ၈ ကော်လံ ၆ သို့** ☆

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် အာဇာနည်နေ့ ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ရှေ့နေချုပ် ဦးအေးမောင်၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် အခမ်းအနားတက်ရောက်သူများက အာဇာနည်ခေါင်းဆောင်ကြီးများ ဂူဗိမာန်၌ အလေးပြုကြစဉ်။ (ကြေးမုံ)

လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ပဲခူးတိုင်း ဖြူးမြို့နယ်တွင် တည်ဆောက်နေသော ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ပင်မတမံ တည်ဆောက်မည့်နေရာ အောက်ခြေရှင်းလင်းမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (လယ်ယာ/ဆည်မြောင်း)

ဖြူးချောင်းရေလှောင်တမံဘက်စုံစီမံကိန်း ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၉

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၇ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း ကျောက်တံခါးမြို့နယ်နှင့် ဖြူးမြို့နယ်တို့၌ မိုးစပါးစိုက်ပျိုးနေမှုများကို ကြည့်ရှုပြီး ဖြူးမြို့နယ်၌ တည်ဆောက်နေသည့် ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ သွားရောက်၍ ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄) လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အောင်က အလျား ၂၄၇၇ပေရှိရေလွှဲဥမင်ကို အဝင်ပိုင်းနှင့်အထွက်ပိုင်း တစ်ပြိုင်နက်တူးဖော်လျက်ရှိရာ အဝင်ပိုင်းမှ ၇၆၄ပေနှင့် အထွက်ပိုင်းမှ ၈၂၅ပေ စုစုပေါင်း ၁၅၈၉ပေ ပြီးစီးမှုနှင့် ကျန်ရှိသည့် ၈၈၈ ပေ ဆက်လက်ဖောက်လုပ်နေမှုကိုလည်းကောင်း၊ ပင်မတမံ အူကြောင်းရှင်းလင်းပြီး လုပ်ငန်းကိုလည်းကောင်း၊ရေပိုလွှဲတည်ဆောက်ရန် အူကြောင်းနေရာ ရှင်းလင်းပြီးဖြစ်၍ မြေကြီးတူးဖော်မှု လုပ်ငန်းဆောင်ရွက်မှုကို လည်းကောင်း ရှင်းလင်းတင်ပြပြီး ဆည်မြောင်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးကျော်စန်းဝင်းကဖြည့်စွက်ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ➪